ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 18 November 2025 ၁၂၀၀၅

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၁)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၇

အကြိမ်(၆၁)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ်(၆၁)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✦



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ

အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ
စာမျက်နှာ » ၄

မြိတ်မြို့၌ မဲဆန္ဒနယ်ပြင်ပ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး
စာမျက်နှာ » ၅

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပ
စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံတည်ငြိမ်အေးချမ်းရေးတည်ဆောက် ဒို့တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးအချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။ လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုများ ပျက်ယွင်းပြီး ဒေသတွင်း နေထိုင်ကြသောပြည်သူများ ထိခိုက်ခံစားရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်မှုများရှိခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်း တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားအောင် ပြုလုပ်နေသူများသည် ဒေသများအတွင်းရှိ လက်နက်ကိုင်သောင်းကျန်းသူများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဒေသခံပြည်သူများ ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့်၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ယွင်းအောင် ပြုလုပ်နေသည့် သောင်းကျန်းသူအဖျက်သမားများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တိုက်ဖျက်နှိမ်နင်းလျက်ရှိသလို ဒေသတွင်းနေထိုင်ကြသူများအနေဖြင့်လည်း ဒေသတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် ပြုလုပ်နေကြသူများကို ဝိုင်းဝန်းပူးပေါင်း ရှင်းလင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဒေသတွင်း၌ တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် ပြုလုပ်နေသူများကို ထိရောက်စွာ တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ ဒေသများအား ပြန်လည်ထိန်းချုပ် ကာကွယ်စောင့်ရှောက်ပေးနိုင်သည်ကို တွေ့မြင်နေရပြီဖြစ်သည်။ အလားတူ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဒုစရိုက်မှုမျိုးစုံပြုလုပ်နေကြသော အဖျက်သမားများနှင့် ဝိသမလောဘသားများကို တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ ပြီးခဲ့သည့်ကာလက နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုအားနည်းလာသဖြင့် အချို့နယ်စပ်ဂိတ်များကို ပိတ်ထားခဲ့ရသည်။ အချို့သောဝန်ထမ်းများ၊ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ကုန်သွယ်ရေးကို ပြုလုပ်လာကြသည်။

တရားမဝင်ကုန်သွယ်မှုများပြုလုပ်မှုကြောင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်အဖွဲ့အစည်းများ သက်ဆိုးရှည်စေနိုင်သကဲ့သို့ အကြမ်းဖက်သောင်းကျန်းမှုများကို အားပေးရာရောက်ခဲ့သည်။ ထို့အပြင် တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများမရရှိသည့်အတွက် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများဖြစ်ခဲ့ရသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှု၊ ခိုးထုတ်ခိုးသွင်းမှုနှင့် အွန်လိုင်းဒုစရိုက်မှုများမရှိစေရေး၊ ကျူးလွန်သူများ ပပျောက်စေရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အခြေပြုဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများကိုပါ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းတွင် မကြာမီကာလ၌ ကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကို လုံခြုံရေးပိုင်းဆိုင်ရာအရ အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများ ပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မဲမသမာမှုများ မဖြစ်စေရေးနှင့် မဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံရေးစနစ်ကိုကျင့်သုံးရာတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရန် ရွေးကောက်ပွဲကိုအခြေခံသဖြင့် အထွေထွေရွေးကောက်ပွဲအောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ် သည်။ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာဝပြောအောင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအကျိုးကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်က တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်း၍ နိုင်ငံတော်အကျိုးကို ဆောင်ရွက်နိုင်သည့်စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူများကိုရွေးချယ်ပြီး တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကြီးကြပ်မှုအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား ၁၃-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၅ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းများ၏ ပထမနှစ်ဝက်နှင့် စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၁၇-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သင်တန်းနှစ်အသီးသီး၏ နေ့သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ၁၇ - ၁၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၁၆၄ | ၁,၄၁၁,၇၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၄၂၂ | ၁,၅၀၃,၁၀၀ |
| MCB | ၇,၈၀၀ | ၇,၆၀၀ | ၂၀၆ | ၁,၅၆၇,၄၀၀ |
| FPB | ၂,၁၅၀ | ၂,၁၀၀ | ၈၉၀ | ၁,၉၀၁,၅၅၀ |
| TMH | ၂,၉၀၀ | ၂,၉၅၀ | ၆၂ | ၁၈၁,၆၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၂,၄၆၀ | ၄,၀၇၉,၅၀၀ |
| AMATA | ၃,၆၅၀ | ၃,၆၅၀ | ၁၅၀ | ၅၄၇,၅၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၅၀ | ၂၁၁ | ၆၅၄,၂၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၃,၂၇၈ | ၈,၈၅၀,၆၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

✦ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အကြိမ် (၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်း အချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

# အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ Hybrid Modeဖြင့် စတင်ကျင်းပသည်။

အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အရာရှိကြီးများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ ယခုအစည်းအဝေးများတွင် အာဆီယံ အသိုက်အဝန်း ၂၀၄၅ နှင့် အာဆီယံပေါင်းစည်းဆက်သွယ်မှု ၂၀၃၀ နှင့်အညီ အာဆီယံ သယ်ယူပို့ဆောင်ရေး လုပ်ငန်းစီမံကိန်း(၂၀၂၆-၂၀၃၀) ဖော်ဆောင်နိုင်ရေးကိုလည်း ကြိုဆိုပါကြောင်း၊ အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုသည် များစွာထိရောက်မှုရှိပါကြောင်း၊ အာဆီယံမိသားစုများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောကတိကဝတ်များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခုတတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ယခုကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အီးယူစသော ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ အစည်းအဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအချောထည်အတွဲများ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲများ၊ ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ကျောက်မျက်ရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခု ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲစုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် အသုံးပြုမည့် နိုင်ငံခြားငွေ အမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ၁၉ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် ကြမ်းခင်းဈေးအား အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုအတွက် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။

ကျောက်ရည် ကျောက်သွေးကောင်းမွန်မှု၊ လက်ဝတ်အချောထည်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှုနှင့် တန်ဖိုးဈေးနှုန်း ရရှိနိုင်မှုစသည့် အခြေအနေများအပေါ်အခြေခံပြီး အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်အားလုံး အနေဖြင့် အုပ်စုသုံးခုစလုံးကို ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အတွဲများအတွက် ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့အတွက် အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ အုပ်စု(စီ)အတွက် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်း ဖြစ်ခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ငွေပေးချေမှုပြုလုပ်ရာတွင် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေကိုသာ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေဖြင့် ပေးချေရမည်ဖြစ်ကာ အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေ၊ အုပ်စု(စီ)အတွက် မြန်မာကျပ်ငွေကို သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာများ ရောင်းချနိုင်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြား ရှာဖွေပေးနိုင်သကဲ့သို့ နိုင်ငံသားများ အတွက်လည်း စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရနိုင်စေခဲ့ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း အထောက်အကူပြုလျက် ရှိကြောင်း၊ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာ ပြပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်အစားထိုး မရနိုင်သည့် သယံဇာတများဖြစ်သည့် ကျောက်မျက်ရတနာများနှင့် မြန်မာ့မြေ အလှတရားကို ရှင်သန်တည်တံ့စေရန်အတွက် သယံဇာတ စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုအေးသန်း**

# မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုး ရောင်းချပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့တူရိယာ တစ်မျိုးချင်းအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နတ်တော်လဆန်း(၁)ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်(ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




မြန်မာ့တူရိယာများ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက် ၄၀

သာ လိုတော့သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့ မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် ( ၃ / ၂၀၂၅ ) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ်(၃/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**စနစ်တကျသင်ကြားပေး**

ဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကျင်းပရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန်လိုအပ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း(၁) စတင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲစနစ်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional-MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ သင်တန်းတွင် စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း။

မဲပေးသည့်စနစ်အနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို ကြိုတင်ဆန္ဒမဲများကလွဲ၍အသုံးပြုပြီး လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ပါကြောင်း၊ မဲပေးစက်နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲပေးစက်များကိုကြိုတင်စစ်ဆေးခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစေရန်အတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့ကို ထပ်မံကပ်ထားပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင်ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ မဲစာရင်းများကပ်ထားရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ စနစ်တကျဖြစ်စေရန် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရေး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန် လိုပါကြောင်း။

မြို့နယ်များတွင် အများယုံကြည်လေးစားခြင်းခံရသောဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များရှိပြီး မြို့နယ်ဦးစီးအရာရှိအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်းတာဝန်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်ခု၏ ဂုဏ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲများကိုကျင်းပရမည်ဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသားအရာရှိများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးအနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

## မြိတ်မြို့၌ မဲဆန္ဒနယ်ပြင်ပ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း နေထိုင်ကြပြီး မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် မိမိတို့၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်စုပေါင်းရုံးခန်းမ၌ ကြိုတင်ဆန္ဒမဲပေးကြသည်။

"မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်း အသီးသီးကို သွားရောက် ပညာဆည်းပူးကြမယ့် ကျောင်းသားတွေ ကြိုတင်မဲပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းကစတင်ပြီး ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်တွေကိုလည်းဖိတ်ပြီး ကြိုတင်မဲပေးခြင်း ဆောင်ရွက်တာဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြောသည်။

တက္ကသိုလ် ကျောင်းသားကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြသည်။ ထိုသို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



**အသိပေးကြေညာ**

မဲဆန္ဒနယ် ပြင်ပရောက် ကျောင်းသား ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးတွင် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသား စိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိများ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၁၃)ကြိမ်မြောက် အာဆီယံ ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (13th ASEAN Law Ministers Meeting–ALAWMM)ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိများ အစည်းအဝေး (24th ASEAN Senior Law Officials Meeting–ASLO ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။




(၁၃)ကြိမ်မြောက် အာဆီယံ ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး(13th ASEAN Law Ministers Meeting–ALAWMM)ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. Mr. Ferdinand Romualdez Marcos Jr က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားရေး/ ဥပဒေရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်များ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့် ဥပဒေအရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံများအကြား ဥပဒေရေးရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာ နယ်ပယ်၌ အဓိကပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့ နည်းပညာခေတ်တွင် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုများနှင့် ပိုင်ဆိုင်မှုများအား ခိုးယူသောအမှုများကို နည်းပညာအသုံးပြု၍ အုပ်စုဖွဲ့ကျူးလွန်လျက်ရှိကြောင်း၊ အဆိုပါ ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သဖြင့် နိုင်ငံတကာ အဆင့်သာမကဘဲ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာသဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း၊ ဥပဒေရေးရာကိစ္စရပ်များကို အပြန်အလှန် အကူအညီပေးရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ် တည်ထောင်ခြင်းသည် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုနှင့် ပိုင်ဆိုင်မှုများ၊ ခိုးယူမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် အဓိကကျပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ အွန်လိုင်းလိမ်လည်မှုများနှင့် နိုင်ငံဖြတ်ကျော် ကျူးလွန်သော ငွေကြေး လိမ်လည်မှုဆိုင်ရာ ရာဇဝတ်မှုခင်းများအား ကိုင်တွယ်ဖြေရှင်းခဲ့ရာ ကျူးလွန်သောသူများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေး စာချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သည့်အပြင် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်အား မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ရှေ့နေချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါအာဆီယံ ရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းအားဖြင့် တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ လုပ်ငန်းများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော် ဥပဒေရေးရာဝန်ဆောင်မှုနှင့် ဥပဒေရေးရာ ကိစ္စရပ်များကိုအပြန်အလှန် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို နည်းပညာနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပထမအကြိမ် အာဆီယံ– ဂျပန် တရားရေး/ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးကိုဆက်လက်ကျင်းပရာ အာဆီယံ–ဂျပန် တရားရေး/ ဥပဒေရေးရာ ဝန်ကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ–ဂျပန် ဥပဒေရေးရာ ကိစ္စရပ်များအား ဆွေးနွေးရာ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ အနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆောင်ရွက်မည့် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (12th ASEAN Law Ministers Meeting–ALAWMM) နှင့် (၂၂)ကြိမ်မြောက် အာဆီယံ အဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Law Officials Meeting–ASLOM)၌ အတည်ပြုခဲ့သဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံ ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးမတိုင်မီ ဆက်စပ်အစည်းအဝေးဖြစ်သော (၂၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး(24th ASEAN Senior Law Officials Meeting–ASLOM)ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားမနှင့် ကုန်သွယ်ရေးတို့တွင် ဥပဒေဆိုင်ရာ အပြန်အလှန် အကူအညီပေးရေးကိစ္စ၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင်ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဥပဒေနှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects–QIP)" အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အကောင်အထည်ဖော်မည့် ဌာနများမှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မှတ်တမ်းမော်ကွန်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့် တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များ ထောက်ပံ့ခြင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများ အစားထိုးရေးဆွဲခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ နို့စားကျွဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ သမဝါယမအသင်းသား တောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားသော ဝါနှင့်မတ်ပဲမျိုးစေ့များ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ် စွမ်းအားမြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက်(အသေး)တစ်စီး ဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Offline အင်္ဂလိပ်ဘာသာစကား သင်တန်းတည်ထောင်ဖွင့်လှစ်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း ဝါနှင့် မတ်ပဲမျိုးများ ရရှိရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆိုလာစွမ်းအင်သုံးရေတင်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က လက်မှတ်ရေးထိုးကြပြီး အဆိုပါနားလည်မှု စာချွန်လွှာများတွင် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ်ရေးထိုးသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၉၇၃၅ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များ ပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ တတိယနှစ်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးခွင့်ပြုပေးခြင်းဖြစ်သည်။

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၄း ခု၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခု၊ ယခု ၂၀၂၅– ၂၀၂၆ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်အလိုက် QIP စီမံချက်များကို ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ (GGI) ဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထ သုံးလပတ် တရုတ် - မြန်မာ မီဒီယာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ ဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထ သုံးလပတ် တရုတ်-မြန်မာ မီဒီယာတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Hotel ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား၊ သံမှူးကြီး၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဌာနမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ Dr. Margaret Wong၊ တရုတ်-မြန်မာမီဒီယာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမေရိကန်၊ စင်ကာပူနှင့် ဗြိတိသျှပညာရှင် သုံးဦးတို့၏ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံများ အင်တာဗျူးဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားက တရုတ်နိုင်ငံသည် ကုလသမဂ္ဂ ဗဟိုပြုသော နိုင်ငံတကာစနစ်နှင့် နိုင်ငံတကာ ဥပဒေအခြေပြုသော နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး တန်းတူညီမျှ စနစ်တကျရှိသော ဗဟုဝင်ရိုး ကမ္ဘာအတွက် ထောက်ခံအားပေးမည်ဖြစ်ကာ တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ၊ အခွန်မတရားကောက်ခံမှု စသည်တို့ကို ဆန့်ကျင်သွားမည်ဖြစ်၍ ပွင့်လင်းမြင်သာပြီး ပူးပေါင်းဆောင်ရွက်သော၊ အပြန်အလှန် အကျိုးရှိသော ကမ္ဘာ့စီးပွားရေးကို တည်ဆောက်မည်ဖြစ်ရာ အားလုံးပါဝင်သည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို မြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များက ကမ္ဘာ့တောင်ဘက်ခြမ်းတွင် ကျယ်ပြန့်စွာ အကျိုးရှိစေမည်ဖြစ်ကြောင်း။

**ပြောကြား**

တရုတ် - မြန်မာ နှစ်နိုင်ငံမှ မီဒီယာများ၊ တတ်သိပညာရှင်အဖွဲ့များနှင့် အနုပညာရှင်များက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံကို တက်ကြွစွာဖြန့်ဝေသူများ၊ ရှေ့လမ်းညွှန်သူများနှင့် တည်ဆောက်သူများအဖြစ် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ရန် ကောင်းမွန်သော လူထုထင်မြင်ချက်နှင့် လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ကိုယ်တိုင်ထုဆစ် ပုံဖော်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ပြည်သူတို့၏ ငြိမ်းချမ်းသာယာသော အနာဂတ်ကို ဖန်တီးပေးနိုင်ရန်နှင့် အချုပ်အခြာအာဏာ အပြန်အလှန်လေးစားနိုင်ရန် ယခုလို GGI အဆိုပြုချက်များသည် များစွာလက်တွေ့ကျသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးအနေဖြင့် ညီညွတ်မျှတမှုကို အခြေခံကာ အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမှုများကို ရှောင်ရှားပြီး စစ်ပွဲများ၊ ပဋိပက္ခများလျော့ပါးရပ်စဲရန်၊ အင်အားကြီးနိုင်ငံများအနေဖြင့် အားနည်းသော နိုင်ငံများအပေါ် စာနာနားလည် ထောက်ထားကာ ထောက်ပံ့ကူညီရိုင်းပင်းမှုများဖြင့် အေးချမ်းသာယာ ငြိမ်းချမ်းသော ဒေသများအဖြစ် ကြိုးစားသွားကြရန်နှင့် အတိတ်၏အဖြစ်အပျက်များအပေါ် သင်ခန်းစာယူခြင်းဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအဖြစ် ဝိုင်းဝန်းကြိုးစား တည်ဆောက်နိုင်ကြပါစေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ဆက်လက်မြှင့်တင်ပြီး အနာဂတ်ကာလ၌ အိမ်နီးချင်းကောင်းများ အဖြစ် ဆက်လက်ရပ်တည် နေထိုင်ဆက်ဆံသွားကြပါစို့ဟု ပြောကြားသည်။

ထို့နောက် တရုတ်-မြန်မာ မီဒီယာ ကိုယ်စားလှယ်များက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံနှင့် ၂၀၂၅ ခုနှစ် စတုတ္ထ သုံးလပတ်ဆွေးနွေးပွဲကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် လှူငယ်စင်တာ၌ ရက်ကန်းပညာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်

ဘားအံ နိုဝင်ဘာ ၁၇

လူတစ်ဦးချင်းစီ၏ အခြေခံအရည်အချင်းများကိုပြည့်မီစေပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုမြှင့်တင်နိုင်စေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လူငယ်ရေးရာကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ရက်ကန်းပညာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသား သင်တန်းသူများအနေဖြင့် ဒစ်ဂျစ်တယ်ဗဟုသုတများ တိုးတက်အောင်သင်ယူ၍ နေ့စဉ်ဘဝအတွက် စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ယုံကြည်မှုနှင့် အနာဂတ်သင်ယူမှုတို့အတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်ရန် မိမိတို့ရရှိသည့် အခွင့်အရေးကို အမိအရဆုပ်ကိုင် ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူငယ်စင်တာ ကွန်ပျူတာခန်းမအတွင်း သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။



ယနေ့ဖွင့်လှစ်သည့်သင်တန်းသို့ ရက်ကန်းသင်တန်းမှသင်တန်းသားသင်တန်းသူ၂၀တက်ရောက်ကြပြီး ကွန်ပျူတာတက္ကသိုလ်မှ သင်တန်းနည်းပြဆရာမသုံးဦးက ရက်ကန်းပညာတွင် ကွန်ပျူတာကိုအသုံးချတတ်စေရန် Computer Hardware နှင့် Software ကို နားလည်ခြင်းမှစတင်၍ Word Processing အခြေခံ Application များကို အသုံးပြုခြင်းအထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “Fostering disability inclusive societies for advancing social progress” အား “လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး” ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက်သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ) အကြံပြုချက်များ၊

(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာ ထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.moswrr@gmail.com တို့ထံ ဆက်သွယ်၍ (၂၄.၁၁.၂၀၂၅)ရက်၊ တနင်္လာနေ့၊ ညနေ(၁၆:၀၀)နာရီအထိ နောက်ဆုံးထားပေးပို့ရမည် ဖြစ်ပါ သည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**
**(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

# ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေလား

သတင်းထောက် သာထူး

BBC လို့ ကမ္ဘာတစ်ခွင်ကျော်ကြားတဲ့ သတင်းဌာနကြီး မဟာအရှက်တော်ကွဲရတဲ့ဖြစ်ရပ် ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ဖြစ်ခဲ့ပြီး အခုချိန်ထိ ဂယက်ရိုက်နေဆဲပါ။ “ဘက်လိုက်မှုမရှိဘဲ ကွဲပြားခြားနားတဲ့ အတွေးအမြင်အစုံစုံ၊ အဓိကကျတဲ့ ရှုထောင့်တွေကနေ လေ့လာဆန်းစစ်ချက်တွေနဲ့ ဝေဝေဆာဆာ တင်ဆက်ပေးနေတာပါ။” လို့ အမြဲတမ်းဆိုလေ့ရှိတဲ့ BBC သတင်းဌာနရဲ့ ဘက်လိုက်မှုနဲ့ သတင်းကို ရည်ရွယ်ချက်ရှိရှိ လိုသလို ဖြတ်ညှပ်ကပ် ပုံဖျက်ထုတ်လွှင့်ဖော်ပြမှုတွေနဲ့ပတ်သက်ပြီး သတင်းပေါက်ကြားခဲ့ရာကနေ ပြစ်တင်ရှုတ်ချမှုတွေ၊ ဝေဖန်တိုက်ခိုက်မှုတွေကို တနင့်တပိုးကြီး ခံစားခဲ့ရပြီးနောက် BBC ညွှန်ကြားရေးမှူးချုပ် တင်မ်ဒေဗီနဲ့ သတင်းဌာန အမှုဆောင်အရာရှိချုပ် ဒီဘိုရာတန်းနက်စ်တို့ နုတ်ထွက်သွားခဲ့ကြရတာ ဖြစ်ပါတယ်။

**“ကမ္ဘာပေါ်မှာ အင်မတန်လူသိနည်းတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ BBC အပါအဝင် အနောက်မီဒီယာတွေရဲ့ မမှန်မကန်ရေးသားဖော်ပြ ထုတ်လွှင့်တဲ့ဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီး ဆိုးရွားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်တာကို ခံခဲ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကို လိုရင်လိုသလို၊ မလိုရင်မလိုသလို ထုတ်လွှင့်ဖော်ပြတဲ့နေရာမှာတော့ အယ်ဒီတာ ဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေ ဘယ်နားသွားချိတ်ထားသလဲလို့ မေးရမယ့်အဖြစ်မျိုးဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ သတင်းနဲ့ပတ်သက်ပြီး မိမိတို့အနေနဲ့ ဘယ်လိုပဲရေးလိုက်ရေးလိုက် BBC ရဲ့ သတင်းခန်းကိုရောက်သွားတာနဲ့ အယ်ဒီတာတွေက လိုသလို ပုံဖော်တည်းဖြတ်လိုက်ကြတယ်လို့ ဌာနေသတင်းထောက်တစ်ယောက်က ပြောပြတာ ကြားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လာရင် နိုင်ငံပြင်ပမှာ ပျံ့နှံ့နေတဲ့သတင်းတွေဟာ နိုင်ငံကို ဆန့်ကျင်ပုန်ကန်နေကြတဲ့ လူတွေ၊ အဖွဲ့အစည်းတွေရဲ့ အခြေအမြစ်မရှိ၊ မှန်ကန်ခိုင်မာကြောင်း သက်သေမပြနိုင်တဲ့ အချက်အလက်တွေကို အခြေခံပြီး လိုသလိုဆွဲ ရေးသားဖော်ပြထုတ်လွှင့်နေကြတာဖြစ်ပြီး United Nations (UN) အဖွဲ့အစည်းမျိုးကလည်း အဲဒီသတင်းတွေကိုပဲ အသုံးပြုနေတာဖြစ်လို့ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် တစ်ဖက်စောင်းနင်း လွဲမှားနေတာတွေဟာ အခုအစွရေးခံနေရသလိုပါပဲ”**

ဖြစ်စဉ်ကတော့ BBC ရဲ့ အယ်ဒီတာလမ်းညွှန်ချက်များနဲ့ စံချိန်စံညွှန်းများဆိုင်ရာကော်မတီ အကြံပေးပုဂ္ဂိုလ်ဟောင်းဖြစ်သူ မိုက်ကယ်လ်ပရက်စ်စကော့ရဲ့ စာမျက်နှာ ၁၉ မျက်နှာပါ ဌာနတွင်း အမှုတွဲတစ်ခု ပေါက်ကြားလာခဲ့တာကို ဗြိတိန်ရဲ့ ဩဇာကြီးတဲ့သတင်းစာ The Telegraph က နိုဝင်ဘာလ ၄ ရက်နေ့မှာ ဖော်ပြလိုက်ရာကနေ စတင်ခဲ့ပါတယ်။ မိုက်ကယ်လ်ပရက်စ်စကော့ဟာ အကြံပေးပုဂ္ဂိုလ်အဖြစ် BBC မှာ သုံးနှစ်လောက် လုပ်ကိုင်ခဲ့ပြီး ပြီးခဲ့တဲ့ ဇွန်လထဲမှာ နုတ်ထွက်သွားခဲ့ပြီဖြစ်တာကြောင့် သူရေးပြီးတော့ BBC ဘုတ်အဖွဲ့ကို ပေးပို့ခဲ့တဲ့ စာတွဲဟာ ဇွန်လ မတိုင်မီက ရေးခဲ့တာလို့ ဆိုရမှာဖြစ်ပြီး ဒီကိစ္စနဲ့ပတ်သက်လို့ BBC အကြီးအကဲတွေက အရေးယူလုပ်ဆောင်မှုမရှိခဲ့တဲ့အပေါ် အလွန်ထိတ်လန့်တုန်လှုပ်ခဲ့ရတယ်လို့ ပရက်စ်စကော့က ဆိုပါတယ်။

## တိကျမှန်ကန်မှုနဲ့ ဘက်မလိုက်မှုစံနှုန်းတွေကို ထိန်းသိမ်းဖို့ ပျက်ကွက်

သိကြတဲ့အတိုင်းပဲ BBC ဟာ စီးပွားရှာနေရတဲ့ မီဒီယာမျိုးမဟုတ်ဘဲ နိုင်ငံတော်ဘတ်ဂျက်တစ်နည်းအားဖြင့် အများပြည်သူရန်ပုံငွေနဲ့ လည်ပတ်ရတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာမျိုး (Public Service Media) ဖြစ်ပါတယ်။ အကျိုးအမြတ်ရှာဖွေနေဖို့ မလိုတဲ့ BBC ဟာ UK ရဲ့ မီဒီယာဈေးကွက်ဝေစု အများစုကိုလည်း ရရှိထားပါတယ်။ အများပြည်သူရန်ပုံငွေနဲ့ လည်ပတ်နေတဲ့ အများပြည်သူဝန်ဆောင်မှု မီဒီယာတစ်ခုဟာ ပြည်သူလူထုကို ယုံကြည်စိတ်ချရတဲ့ သတင်းမှန်တွေမပေးဘဲ ဘက်လိုက်မှုတွေနဲ့ နှစ်ရှည်လများစွာကတည်းက မယုံကြည်ရတဲ့ သတင်းရင်းမြစ်တစ်ခုဖြစ်ခဲ့တာဟာ ဆိုးရွားတဲ့ ကျူးလွန်မှုတစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ပိုဆိုးတာက BBC ရဲ့ ထုတ်လွှင့်ဖော်ပြမှုတွေမှာ တိကျမှန်ကန်မှုနဲ့ ဘက်မလိုက်မှုစံနှုန်းတွေကို ထိန်းသိမ်းဖို့ ပျက်ကွက်နေတာဟာ အယ်ဒီတာဒါမှမဟုတ် ဝန်ထမ်းတချို့တလေရဲ့ အားနည်းချက်မျိုးမဟုတ်ဘဲ ကူးစက်ရောဂါတစ်ခု အားလုံးမှာ ကူးစက်နေပုံမျိုးပါ။ ဒီပြဿနာကို BBC ရဲ့ အတွင်းပိုင်းမှာ သိထားကြပြီးဖြစ်တယ်လို့ ပရက်စ်စကော့ရဲ့ တင်ပြချက်ထဲမှာ ဆိုထားပါတယ်။ ဒါပေမဲ့လည်း BBC ဟာ ဒီပြဿနာနဲ့ပတ်သက်လို့ အယ်ဒီတာဘုတ်အဖွဲ့ရှေ့ကို အစီရင်ခံစာတွေ တစ်ပုံတစ်ပင်ကြီး ရောက်နေတဲ့တိုင်အောင် ပြေလည်အောင်ဖြေရှင်းဖို့၊ ဒါမှမဟုတ် အလေးအနက်ထားပြီး ဝန်ခံတောင်းပန်ဖို့ စတဲ့ ထင်ထင်ရှားရှား တုံ့ပြန်မှုမျိုးမလုပ်ဘဲ “မိုးကြိုးပစ်၊ ထန်းလက်နဲ့ကာ” ဆိုတာလို ကာလို့မရနိုင်တာကို ကာဖို့ကြိုးစားရင်းနဲ့ပဲ အချိန်ကုန်နေတယ်လို့ ဗြိတိန်သတင်းစာတစ်စောင်က ဆိုပါတယ်။

မိုက်ကယ်လ်ပရက်စ်စကော့ရဲ့ တင်ပြချက်စာတွဲမှာပါတဲ့ BBC ရဲ့ ဘက်လိုက်မှုအထောက်အထားသစ်ဆိုတာကတော့ အာရဗီဘာသာနဲ့ ထုတ်လွှင့်တဲ့ BBC (အာရဗီ) သတင်းဌာနက ဂါဇာအရေးအခင်းနဲ့ပတ်သက်လို့ အစ္စရေးတို့ခံစားရတဲ့ ဒုက္ခကို သေးသိမ်မှိန်ပျောက်စေဖို့နဲ့ အစ္စရေးကို ရန်လိုသူအဖြစ် ပုံဖော်ဖို့ ဖန်တီးလုပ်ဆောင်မှုများ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ BBC ဟာ အစ္စရေးနဲ့ပတ်သက်လာရင် အမြဲတမ်း အဆိုးတကာ့ထိပ်ခေါင်ဖြစ်အောင် သန္နိဋ္ဌာန်ချထားတဲ့ပုံမျိုးဖြစ်နေပြီး အစ္စရေးအပေါ် စွပ်စွဲချက်တွေနဲ့ပတ်သက်လာရင် လုံလောက်တဲ့စစ်ဆေးမှုမျိုးတောင် မလုပ်တော့ဘဲ တစ်ခါတည်း ထုတ်လွှင့်ခဲ့တယ်လို့လည်း ဆိုထားပါတယ်။

ဒါ့အပြင် BBC (အာရဗီ)ဟာ ဟားမားစ်ရဲ့ မီဒီယာပလက်ဖောင်းတစ်ခုလိုဖြစ်နေပြီး ဟားမားစ်ရဲ့ ထုတ်ပြန်ချက်တွေကို သိသိသာသာ အသားပေးထားတာကြောင့် တစ်ဖက်စောင်းနင်းဖြစ်နေတဲ့အတွက် ပင်မ BBC ဝက်ဘ်ဆိုက်နဲ့ လုံးဝကွာခြားနေခဲ့ပါတယ်။ ဂါဇာမှာ သေဆုံးသူအရေအတွက်နဲ့ပတ်သက်လို့လည်း ဟားမားစ်ရဲ့ စွပ်စွဲချက်တွေအတိုင်း BBC က တစ်ဖက်သတ် မမျှမတ ဖော်ပြပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီစွပ်စွဲချက်တွေဟာ ဝါဒဖြန့်ချိရေးအတွက် ချဲ့ကားပြောဆိုထားတာတွေသာဖြစ်ပြီး အဲဒီမမှန်ကန်တဲ့ စွပ်စွဲချက်တွေပေါ်မှာ အခြေခံပြီးတော့ပဲ နိုင်ငံတကာတရားရုံး (ICJ)ကလည်း လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားနေတယ်လို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

BBC ရုပ်မြင်သံကြားဌာနရဲ့ ညွှန်ကြားရေးမှူးဟောင်းတစ်ဦးဖြစ်သူ ဒန်နီကိုဟင်ကတော့ BBC ဟာ ယုံကြည်စိတ်ချရတဲ့ သတင်းဌာနတစ်ခု မဟုတ်တော့ဘူးဆိုတာ ထင်ရှားနေပြီဖြစ်ပြီး တာဝန်ရှိသူတွေအနေနဲ့ ခေါင်းငိုက်စိုက်ချရှက်ရွံ့စွာနဲ့ နုတ်ထွက်သင့်ကြပြီလို့ ဆိုခဲ့ပါတယ်။ အခုတော့ ဒီဆောင်းပါးအစမှာ ဖော်ပြခဲ့တဲ့အတိုင်း BBC ရဲ့ ဒီဂျီနဲ့ စီအီးအိုတို့ နုတ်ထွက်သွားကြပါပြီ။

## လိုသလိုဖြတ်ညှပ်ကပ် ပုံဖျက်ထုတ်လွှင့်ခဲ့

ဒါပေမဲ့ ဒီဇာတ်လမ်းမှာ နောက်တစ်မှု ကျန်နေပါသေးတယ်။ အဲဒါကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့သတင်းကို BBC က လိုသလိုဖြတ်ညှပ်ကပ် ပုံဖျက်ထုတ်လွှင့်ခဲ့တဲ့အမှုပါ။ ၂၀၂၀ ပြည့်နှစ် အမေရိကန်ရွေးကောက်ပွဲမှာ ထရမ့်ပြောခဲ့တဲ့ မိန့်ခွန်းကို ဖြတ်တောက်ပြီး ဆူပူအောင်လှုံ့ဆော်ပြောကြားတဲ့ အသွင်ဖြစ်အောင် လုပ်ကြံထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ဘီဘီစီရဲ့ Panorama (မြင်ကွင်းကျယ်)ဆိုတဲ့ မှတ်တမ်းရုပ်သံအစီအစဉ်မှာ ထုတ်လွှင့်ခဲ့တာဖြစ်ပြီး အဲဒီကိစ္စနဲ့ပတ်သက်လို့ သမ္မတထရမ့်ရဲ့ ဥပဒေရေးရာအဖွဲ့က ဘီဘီစီကို စာတစ်စောင်ပေးပို့ပြီး “ပြည့်စုံ၍ တရားမျှတသည့် ရုပ်သိမ်းကြောင်း ကြေညာချက်”ကို နိုဝင်ဘာလ ၁၄ ရက် သောကြာနေ့ ည ၁၀ နာရီ GMT (ညနေ ၅ နာရီ EST) နောက်ဆုံးထားပြီး ထုတ်ပြန်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ တရားမျှတတဲ့ ဒီအခွင့်အရေးကို အကောင်အထည်ဖော်ဖို့အတွက် ဘီဘီစီက ပျက်ကွက်ခဲ့ရင် ဒေါ်လာ တစ်ဘီလီယံ (ပေါင်သန်း ၇၆၀) လျော်ကြေးပေးဖို့ တရားစွဲခံရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဘီဘီစီနဲ့ သူ့ရဲ့သတင်းသမားတွေမှာ ဘက်လိုက်မှု၊ အကျင့်ပျက်ခြစားမှုတွေ ရှိနေတယ်ဆိုတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ မှတ်ချက်စကားအပေါ် ယူကေအစိုးရအဖွဲ့ထဲက လူတွေက ငြင်းဆိုနေကြရတာဟာ မလုံ့တလုံနဲ့ ကာနေကြရပုံပါပဲ။

ကမ္ဘာပေါ်မှာ သတင်းမီဒီယာလုပ်ငန်း စတင်ပေါ်ပေါက်လာတဲ့ မူလဇာတိဟာ ဥရောပဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာနဲ့ပတ်သက်လာရင် အနောက်နိုင်ငံတွေဟာ ဆရာကျတယ်လို့ ဆိုရမှာဖြစ်ပြီး ကမ္ဘာ့သတင်းလောကတစ်ခုလုံးကိုလည်း လွှမ်းမိုးထားနိုင်ခဲ့တာပါ။ အဲဒီထဲမှာမှ ဗြိတိသျှသတင်းလောကဟာ သက်တမ်းအရင့်ဆုံးထဲမှာ ပါဝင်ပြီး စည်းစနစ်ကျနမှု အရှိဆုံးလို့လည်းဆိုကြပါတယ်။ ဗြိတိသျှ အသံလွှင့်ကုမ္ပဏီအဖြစ် ၁၉၂၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ BBC ဟာလည်း သက်တမ်းအားဖြင့် ၁၀၃ နှစ် ရှည်ကြာခဲ့ပြီဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်တွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေနဲ့ ထိန်းချုပ်ကာရံထားတဲ့ သတင်းဌာနတစ်ခုအနေနဲ့ တစ်ဖက်မှာ ယုံကြည်မှုကို ရယူထားပြီး အခြားတစ်ဖက်မှာတော့ သတင်းဖြစ်ရပ်တွေကို လိုသလိုပုံဖော်ပြီး ကမ္ဘာကြီးကို နောက်ကွယ်ကနေ ကြိုးကိုင်နေတာမျိုး အနောက်နိုင်ငံတွေရဲ့ မီဒီယာတွေက ဖန်တီးနေကြတာပါ။

## မမှန်မကန်ရေးသားဖော်ပြ ထုတ်လွှင့်တဲ့ဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရ

ကမ္ဘာပေါ်မှာ အင်မတန်လူသိနည်းတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံဟာ BBC အပါအဝင် အနောက်မီဒီယာတွေရဲ့ မမှန်မကန်ရေးသားဖော်ပြ ထုတ်လွှင့်တဲ့ဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီး ဆိုးရွားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်တာကို ခံခဲ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကို လိုရင်လိုသလို၊ မလိုရင်မလိုသလို ထုတ်လွှင့်ဖော်ပြတဲ့နေရာမှာတော့ အယ်ဒီတာ ဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေ ဘယ်နားသွားချိတ်ထားသလဲလို့ မေးရမယ့်အဖြစ်မျိုးဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ သတင်းနဲ့ပတ်သက်ပြီး မိမိတို့အနေနဲ့ ဘယ်လိုပဲရေးလိုက်ရေးလိုက် BBC ရဲ့ သတင်းခန်းကိုရောက်သွားတာနဲ့ အယ်ဒီတာတွေက လိုသလို ပုံဖော်တည်းဖြတ်လိုက်ကြတယ်လို့ ဌာနေသတင်းထောက်တစ်ယောက်က ပြောပြတာ ကြားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လာရင် နိုင်ငံပြင်ပမှာ ပျံ့နှံ့နေတဲ့သတင်းတွေဟာ နိုင်ငံကို ဆန့်ကျင်ပုန်ကန်နေကြတဲ့လူတွေ၊ အဖွဲ့အစည်းတွေရဲ့အခြေအမြစ်မရှိ၊ မှန်ကန်ခိုင်မာကြောင်း သက်သေမပြနိုင်တဲ့ အချက်အလက်တွေကို အခြေခံပြီး လိုသလိုဆွဲ ရေးသားဖော်ပြ ထုတ်လွှင့်နေကြတာဖြစ်ပြီး United Nations (UN) အဖွဲ့အစည်းမျိုးကလည်း အဲဒီသတင်းတွေကိုပဲ အသုံးပြုနေတာဖြစ်လို့ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် တစ်ဖက်စောင်းနင်း လွဲမှားနေတာတွေဟာ အခုအစွရေးခံနေရသလိုပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၇ နှစ်၊ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့တဲ့ ရှစ်လေးလုံးအရေးအခင်းကာလမှာ BBC ရဲ့ ပါဝင်ပတ်သက်မှုဟာ နက်ရှိုင်းခဲ့ပါတယ်။ အဲဒီတုန်းက BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက် ဆိုသူဟာ အရေးအခင်းမဖြစ်မီ ရက်သတ္တ နှစ်ပတ်လောက် အလိုမှာ မြန်မာနိုင်ငံကို ရောက်လာခဲ့ပြီး ပြည်တွင်းက ရှေ့နေတစ်ယောက်ကို သတင်းပေးအဖြစ် ချိတ်ဆက်ထားခဲ့ပါတယ်။ သူဟာ ပြည်တွင်းက ပေးပို့တဲ့သတင်းတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ကနေ အခြေစိုက်ရယူပြီး BBC ကနေ ထုတ်လွှင့်နေခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ◆

◆ စာမျက်နှာ ၈ မှ

ပြည်တွင်းကနေပေးပို့နေတဲ့ သတင်းသမားက ဗဟိုတရားရုံးရှေ့နေ ဦးနေမင်း (သရက်) ဆိုသူဖြစ်ပြီး သူပေးပို့တဲ့သတင်းဆိုတာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တဲ့သတင်း အစစ်အမှန်တွေမဟုတ်ဘဲ သူ့ရဲ့ အတ္တနောမတိတွေ၊ သူ့ရဲ့ စိတ်ခံစားချက်တွေ၊ သူဖြစ်စေချင်တဲ့အတိုင်းဖြစ်လာအောင် လှုံ့ဆော်မှုတွေဖြစ်တယ်လို့ နောင်အခါမှာ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေပြီး ဖွင့်ချခဲ့ဖူးပါတယ်။

### အာပတ်သင့်သည့် သတင်းများကိုလည်း ပေးပို့ခဲ့သူဖြစ်

အဲဒီစာအုပ်ထဲမှာ သူက ၁၉၈၈ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံမှ သတင်းများကို နိုင်ငံခြားသို့ ပေးပို့ခဲ့ရာမှာ မိမိမြင်တွေ့ကြားသိခဲ့ရတဲ့ သတင်းအချက်အလက်တွေကို ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန် မျှမျှတတ၊ အရှိကို အရှိအတိုင်း ရိုးရိုးသားသား တင်ပြခဲ့သူမဟုတ်တဲ့အကြောင်း၊ မိမိဖြစ်စေချင်တဲ့ ကြိုတင်နိမိတ်ပြပုံရိပ်တွေကို သတင်းအဖြစ်ဖော်ထုတ်ပြီး လူ့အဖွဲ့အစည်းတစ်ခုကို ယင်းနိမိတ်ပုံရိပ်များအတိုင်း လုပ်ဆောင်လာအောင် လှုံ့ဆော်မှုပြုရာရောက်သည့်၊ အာပတ်သင့်သည့် သတင်းများကိုလည်း ပေးပို့ခဲ့သူဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတွင် ထင်ရှားသော ကိန်းတဘောင်ဖြစ်သည့် ရှစ်လေးလုံးဆိုရာ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကျောင်းသားလူငယ်များ ဦးဆောင်၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် လူထုတစ်ရပ်လုံးက ဒီမိုကရေစီတောင်းဆိုပွဲကြီး ကျင်းပမည်ဟူသောသတင်းကို ဒါကာရှိ ခရစ္စတိုဖာဂန်းနက်ထံ ၁၉၈၈ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ပေးပို့ခဲ့ကြောင်း၊ ထိုသတင်းကို မည်သည့်ကျောင်းသားပုဂ္ဂိုလ် အဖွဲ့အစည်းနှင့်မျှ နှီးနှောတိုင်ပင် အတည်ပြုချက်ရယူရေးသားခြင်းမဟုတ်ဘဲ စိတ်ခံစားချက်အရ သုံးသပ်၍ ခန့်မှန်းရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအပိုင်တွက်ဆပြီး ရှစ်လေးလုံးနေ့တွင် လူထုဆန္ဒပြပွဲကြီးဖြစ်မည်ဟု BBC မှတစ်ဆင့် ကြေညာပြီးမှ မဖြစ်ခဲ့လျှင်ဆိုသော အတွေးသည် စာရေးသူအား ခြောက်လှန့်နေခဲ့ကြောင်း စတာတွေကို သူ့ရဲ့စာအုပ်ထဲမှာ ဖွင့်ဟဝန်ခံထားခဲ့ပါတယ်။

အဲဒီကာလကို ကောင်းစွာ သိမီခဲ့သူတွေအနေနဲ့ မှတ်မိကြဦးမှာပါ။ BBC ရဲ့ ပြည်တွင်းသတင်းထောက်ဆိုသူက တကယ်မဟုတ်ဘဲ စိတ်ကူးနဲ့ ရေးပို့လိုက်တာတွေကို အချက်အလက်တွေ စိစစ်တာ၊ ဆန်းစစ်တာ၊ အတည်ပြုတာတွေ လုံးဝမလုပ်ဘဲ BBC ပြည်ပသတင်းထောက်က အိမ်နီးချင်းတိုင်းပြည်တစ်ခုကနေ လက်ခံ၊ လန်ဒန်မှာရှိတဲ့ BBC ဌာနချုပ်ကို လှမ်းပို့၊ ရှစ်လေးလုံးနေ့မှာ လူထုဆန္ဒပြပွဲကြီးလုပ်မယ့်အကြောင်း အကြိမ်ပေါင်းများစွာ ထုတ်လွှင့်စသဖြင့် လက်တစ်ဆုပ်စာ မပြည့်တဲ့လူတစ်စုနဲ့ အသံလွှင့်ဌာနတစ်ခုရဲ့ မြှောက်ထိုးပင့်ကော် လှုံ့ဆော်မှုတွေကြောင့် ရှစ်လေးလုံးနေ့မှာ အရေးအခင်းကြီး တကယ်ဖြစ်လာခဲ့တာဟာ အဲဒီတုန်းက သိမီသူတွေ ကိုယ်တွေ့ပဲဖြစ်ပါတယ်။ အဲဒီစာအုပ်မှာ ဖော်ပြထားတဲ့ အချက်အလက်တွေအရဆိုရင် ၈၈ အရေးအခင်းနဲ့ပတ်သက်လို့ BBC ရဲ့ ထုတ်လွှင့်မှုတွေမှာ အယ်ဒီတာဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေကို အရိပ်အယောင် တစ်စွန်းတစ်စတောင် မတွေ့ရဘဲ မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင် သတင်းအတုတွေနဲ့ ဖန်တီးခဲ့တယ်ဆိုတာကိုသာ တွေ့ရမှာဖြစ်ပါတယ်

အဲဒီကာလကို ကောင်းစွာ သိမီခဲ့သူတွေအနေနဲ့ မှတ်မိကြဦးမှာပါ။ BBC ရဲ့ ပြည်တွင်းသတင်းထောက်ဆိုသူက တကယ်မဟုတ်ဘဲ စိတ်ကူးနဲ့ရေးပို့လိုက်တာတွေကို အချက်အလက်တွေစိစစ်တာ၊ ဆန်းစစ်တာ၊ အတည်ပြုတာတွေ လုံးဝမလုပ်ဘဲ BBC ပြည်ပသတင်းထောက်က အိမ်နီးချင်းတိုင်းပြည်တစ်ခုကနေ လက်ခံ၊ လန်ဒန်မှာရှိတဲ့ BBC ဌာနချုပ်ကို လှမ်းပို့၊ ရှစ်လေးလုံးနေ့မှာ လူထုဆန္ဒပြပွဲကြီးလုပ်မယ့်အကြောင်း အကြိမ်ပေါင်းများစွာ ထုတ်လွှင့်စသဖြင့် လက်တစ်ဆုပ်စာ မပြည့်တဲ့လူတစ်စုနဲ့ အသံလွှင့်ဌာနတစ်ခုရဲ့ မြှောက်ထိုးပင့်ကော် လှုံ့ဆော်မှုတွေကြောင့် ရှစ်လေးလုံးနေ့မှာ အရေးအခင်းကြီး တကယ်ဖြစ်လာခဲ့တာဟာ အဲဒီတုန်းက သိမီသူတွေ ကိုယ်တွေ့ပဲဖြစ်ပါတယ်။ အဲဒီစာအုပ်မှာ ဖော်ပြထားတဲ့ အချက်အလက်တွေအရဆိုရင် ၈၈ အရေးအခင်းနဲ့ပတ်သက်လို့ BBC ရဲ့ ထုတ်လွှင့်မှုတွေမှာ အယ်ဒီတာဂိုက်လိုင်းတွေ၊ ကျင့်ဝတ်တွေ၊ စံနှုန်းတွေကို အရိပ်အယောင် တစ်စွန်းတစ်စတောင် မတွေ့ရဘဲ မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင် သတင်းအတုတွေနဲ့ ဖန်တီးခဲ့တယ်ဆိုတာကိုသာ တွေ့ရမှာဖြစ်ပါတယ်။

သတင်းဆိုတာ မီဒီယာကနေတစ်ဆင့် လူထုဆီ ပျံ့နှံ့သွားပြီးတာနဲ့ ပြီးဆုံးသွားတာမဟုတ်ဘဲ ဂယက်ရိုက်ခတ်တာ၊ အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်တာ စသည်ဖြင့် ဖြစ်ပေါ်တတ်တဲ့ တန်ခိုးသြဇာရှိပါတယ်။ ဒါ့အပြင် လူတွေရဲ့ စိတ်ဝင်စားမှုသဘာဝကလည်း ကောင်းတာထက် ဆိုးတာ၊ ဖြစ်တာထက်ပျက်တာ၊ ပုံမှန်ထက် ပုံမှန်မဟုတ်တာကိုသာ စိတ်ဝင်စားတတ်ကြတာကို ဟိုးရှေးပဝေသဏီ ၁၇ ရာစုလောက်ကတည်းက သတင်းလုပ်ငန်းနဲ့ စီးပွားရှာတတ်ခဲ့ကြတဲ့ အနောက်နိုင်ငံတွေက မီဒီယာတွေက ကောင်းကောင်းကြီး သိထားကြပါတယ်။ ဒါကြောင့် နိုင်ငံတကာအရေးအခင်းတွေ၊ တချို့ပြည်တွင်းရေးကိစ္စတွေမှာ အဲဒီမီဒီယာတွေက ဝင်ရောက်မွှေနှောက်၊ မီးလောင်ရာလေပင့် လုပ်လေ့ရှိကြပြီး တချို့အခြေအနေ ဆိုးဆိုးရွားရွားဖြစ်ကုန်တာဟာ သူတို့ရဲ့စနက် မကင်းပါဘူး။

### BBC ရဲ့ သတင်းလုပ်ကြံမှုများ

လတ်တလော ကမ္ဘာ့ဖြစ်ရပ်တွေမှာကြည့်ရင် ရုရှား-ယူကရိန်း၊ အစ္စရေး-ဟားမားစ် စတဲ့ အရေးအခင်းဖြစ်ရပ်တွေမှာ သူတို့ပုံဖော်ပြသထားတဲ့အတိုင်းပဲ ကမ္ဘာ့ပြည်သူတွေက မြင်နေ၊ ကြားနေ၊ ယုံနေကြရတာဖြစ်ပါတယ်။ အခုပေါ်ထွက်လာခဲ့တဲ့ BBC ရဲ့ သတင်းလုပ်ကြံမှုတွေမှာဆိုရင်လည်း အမေရိကန်ပြည်သူအများစုရဲ့ ဆန္ဒမဲနဲ့တက်လာခဲ့တဲ့ သမ္မတဒေါ်နယ်ထရမ့်ကို လူဆိုး၊ လူသွမ်း၊ တို့မီးရှို့မီးလုပ်သူကြီးအဖြစ် သတင်းပရိသတ်တွေမြင်အောင် လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် BBC (အာရဗီ) ရဲ့ တစ်ဖက်စောင်းနင်း အသားပေးထုတ်လွှင့်ဖော်ပြမှုတွေက နိုင်ငံအများအပြားမှာ အစ္စရေးနိုင်ငံတော်အလံတွေကို မြေပေါ်ချတက်နင်းတာ၊ UN အထွေထွေညီလာခံမှာ အစ္စရေးဝန်ကြီးချုပ် မိန့်ခွန်းပြောမယ့်အလှည့်မှာ ကိုယ်စားလှယ်အများအပြားက ဘွိုင်းကောက်လုပ်ပြီး ထွက်သွားခဲ့ကြတာ၊ အစ္စရေးပြည်သူတွေကို ရက်စက်သူ၊ ရိုင်းစိုင်းသူ၊ ခက်ထန်မာကြောသူတွေလို့ရှုမြင်လာကြတာစတဲ့ အကျိုးဆက်တွေဖြစ်လာစေတယ်ဆိုရင် မမှားပါဘူး။ ဒီလိုလုပ်ရပ်တွေကို BBC သာမက ကမ္ဘာတစ်ဝန်းလုံးကို ဖြန့်ကြက်လွှမ်းမိုးထားတဲ့ အင်အားကြီးအနောက်မီဒီယာတွေအကုန်လုံးက လုပ်နေကြတာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဆိုရရင်တော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် နိုဝင်ဘာလ ၁၄ ရက်နေ့နောက်ဆုံးထားပြီး BBC ကိုပေးထားတဲ့ ရာဇသံရဲ့ နောက်ဆက်တွဲ ဆက်ဖြစ်နေတာတွေကို စိတ်ဝင်တစား စောင့်ကြည့်နေကြပါကြောင်းနဲ့ အစ္စရေးရဲ့ တုံ့ပြန်မှု ဘယ်လိုရှိမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ သင်ခန်းစာယူစရာအနေနဲ့ကတော့ သတင်းမီဒီယာတွေက ထုတ်လုပ်ဖြန့်ချိသမျှ သတင်းတွေအပေါ် အရင်းအတိုင်းမယုံကြဖို့၊ အခြားရှုထောင့်တွေကပါ ရှုမြင်သုံးသပ်ကြဖို့ပါပဲ။ ဒီလိုအရည်အချင်းမျိုးရှိနိုင်ဖို့အတွက် သတင်းပရိသတ်တွေမှာ သတိနဲ့အတူ ဉာဏ်ပညာ၊ ဆင်ခြင်တုံတရားတို့ပါ လိုအပ်ပါတယ်။ ဖုံးတစ်ဝက်၊ ဖော်တစ်ဝက်နဲ့ သတင်းမီဒီယာတွေ ဉာဏ်များသမျှ၊ လှည့်စားသမျှ၊ ကျုံးသွင်းမောင်းနှင်သမျှ လိုက်ပါမခံစားကြရအောင် ပြောတိုင်းယုံတဲ့ ပုတ်သင်ညိုတွေ မဖြစ်ကြရအောင် လူတိုင်း Media Literacy ခေါ်တဲ့ သတင်းသိနားလည်နိုင်မှုစွမ်းရည်ကို မြှင့်တင်ထားကြရမှာဖြစ်ကြောင်းပါဗျား။ ။

## လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၁၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီရဲထွန်းအောင် သင်္ဘောဖြင့် ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုနှင့် အမ်ဗွီ ရွှေလမင်း(၅) သင်္ဘောဖြင့် ရေထွက်ပစ္စည်းများ ရန်ကုန်မြို့သို့ တင်ပို့နိုင်ရန် ကုန်တင်ကုန်ချပြုလုပ်နေမှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်



ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ စနစ်တကျ အတင်အချပြုလုပ်ရေး၊ ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ မိဘဆရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာပြည့်ဝနလုံးလှသည့် နိုင်ငံတော်က အားကိုးအားထား ပြုရသော သားကောင်း သမီးကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်တွေ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးခြင်း၊ ဖြေဆိုခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသားမိဘများက ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ ကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု



**နေပြည်တော် နိုဝင်ဘာ ၁၇**

စက်မှုဝန်ကြီးဌာနမှ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ကချီးမြှင့်အပ်နှင်းသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်း ၃၆ ဦး ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စီမံထူးချွန်တံဆိပ်(တတိယအဆင့်) ၁၂ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ်(တတိယအဆင့်) ငါးဦး၊ ဝန်ဆောင်စီးပွား ထူးချွန်တံဆိပ်(တတိယအဆင့်)တစ်ဦး စုစုပေါင်း ဝန်ထမ်း ၁၈ ဦး ရရှိခဲ့ကြောင်း၊ ရရှိခဲ့သည့် ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် ထူးကဲစွာစွမ်းဆောင်ခဲ့သူများ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ သံမဏိစက်ရုံစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် ဝန်ထမ်းများအား ဂုဏ်ထူးဆောင်တံဆိပ်များ ထပ်မံချီးမြှင့်နိုင်ရေးအတွက် သေချာစွာစိစစ်ပြီး တင်ပြပေးကြရန်နှင့် မိမိတို့ဝန်ကြီးဌာနနှင့် ဆပ်စပ်လုပ်ကိုင်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ ငလျင်ကာလတွင် လာရောက်ကူညီဆောင်ရွက်ပေးခဲ့သည့် ပညာရှင်များကိုလည်း ထောက်ခံတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းတစ်ဦးချင်းစီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တက္ကသိုလ်ဝင်တန်းပြီးမြောက်သူများအား စက်မှုသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားနိုင်ရေးနှင့် ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများအနေဖြင့် Grade 12 သင်ယူပြီးမြောက်သူများအတွက် စက်မှုကျွမ်းကျင် တစ်နှစ်၊ နှစ်နှစ်သင်တန်းများ၊ Grade 9 သင်ယူပြီးမြောက်သူများအတွက် ကျွမ်းကျင်မှုအခြေပြုကာလတို သုံးလသင်တန်းများ၊ Grade 5 ပြီးမြောက်သူများအတွက် စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများမှ သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို တစ်ဆင့်မြင့်သင်တန်းများ တက်ရောက်ပြီး ပညာဆက်လက်သင်ယူခွင့်ရရှိနိုင်ရေး ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ရေရှည်မဟာဗျူဟာအစီအမံကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် "ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ" စီမံချက်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အများစုတည်ရှိသည့် နေရာများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းအုပ်ကြီးများက စက်မှုသင်တန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ယူဆောင်သွားမည့် အားကစားနည်းအလိုက် ပြိုင်ပွဲသုံးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းဝယ်ယူထားရှိမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်မာ့အားကစားအောင်နိုင်ရေး၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားရေးနှင့် ရွှေတံဆိပ်ဆုများရရှိအောင် အထောက်အကူဖြစ်စေရေးအတွက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ယူဆောင်သွားမည့် အားကစားနည်းများ အလိုက် မြန်မာ အားကစားအဖွဲ့များက ပြိုင်ပွဲအသုံးအဆောင် အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ဖိနပ်များ၊ ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ဝယ်ယူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်၊ ချွန်ဘူရီနှင့် ဆုန်ခလာမြို့တို့၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစား အသင်းအတွက် အထောက်အကူ ဖြစ်စေသည့် ပစ္စည်းများဖြစ်သော မြန်မာနိုင်ငံအလံပါ လက်ပတ်၊ ခေါင်းစည်း၊ မြန်မာအလံ၊ ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ ပါဝင်သည့် contingent book၊ အားကစားနည်းအလိုက် ပြိုင်ပွဲ schedule များ၊ ပြိုင်ပွဲကျင်းပမည့်နေရာများနှင့် အားကစားကွင်း၊ အားကစားရုံများ၊ ဆေးအဖွဲ့က ခင်းကျင်းထားသည့် အားကစားအဖွဲ့အတွက် လိုအပ်သော အထွေထွေဆေးဝါးများ၊ PCO နှင့် ဆက်စပ်သည့် စက်ပစ္စည်းများ၊ ဆေးဝါးများ၊ တိပ်များ၊ ပြိုင်ပွဲဝင် အားကစားနည်းများဖြစ်သည့် မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလိယက်နှင့် စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ ခရစ်ကက်၊ စစ်တုရင်၊ စက်ဘီး၊ မြင်းစီး၊ ဘောလုံး၊ ဖူဆယ်၊ E-Sports၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ဂျူဂျစ်ဆု၊ ကဘာဒီ၊ ကရာတေး၊ ကစ်ဘောင်ဆင်၊ မွေ၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူးကယက်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ သေနတ်ပစ်၊ စကိတ်၊ စကွက်ရှ်၊ ရေကူး၊ တိုက်ကွမ်ဒို၊ တက်ဂ်ဘော၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့်ဝူရှူး စသည့်အားကစားနည်း ၃၈ နည်း၏ အားကစားနည်းများအလိုက် ပြိုင်ပွဲအသုံးအဆောင်များ၊ အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ဖိနပ်များနှင့် ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အားကစားနည်းများ အလိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ပစ္စည်းများ၏အရည်အသွေး၊ အမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင်အောင်မြင်မှုများ ရရှိရန်နှင့် စိတ်ခွန်အားများ ရရှိစေရန် အားကစားဝါသနာရှင် ကလောင်ရှင်များက ဆောင်းပါးများ၊ စာကောင်းစာမွန်များကို ရေးသားကြသကဲ့သို့ မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူအားလုံး မျှော်လင့်စောင့်စားအားပေးနေသည့်အတွက် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အနေဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွိုင်လင်မြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် လွိုင်လင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) သီးနှံစိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စိန်မိုင်းပွန်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါအသင်းရှိ အသင်းသား ၁၅ ဦးက ရွှေအပ်စပါးမျိုး ဧက ၁၅၀ စိုက်ပျိုးထားပြီး အသင်းက လိုအပ်သောငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**ဝိုးတောင်း**







# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားသည်။





အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ် မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကို ယခုလို ကြားသိရပါသည် ----

ကျွန်တော့်ကို နိုင်ငံတော်ကနေ ဆင့်ခေါ်စာကျတဲ့အတွက် နိုင်ငံသားတစ်ယောက် အနေနဲ့ တာဝန်ကျေပွန်ချင်လို့ လာရောက်စစ်မှုထမ်းခြင်း ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာတော့ ဒီသင်တန်းမှာ အချိန်မှန်တယ်။ စည်းကမ်း စနစ်တကျနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင် သင်ပေးတဲ့အတွက် အပြင်ကနဲ့တော့ တော်တော်ကွာပါတယ်။ အပြင်မှာတော့ သိပ်ပြီး စည်းကမ်းစနစ်မကျဘူး။ ဒီမှာတော့ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင်သင်ပေးတယ်။ စည်းကမ်းစနစ်တကျနဲ့ သေချာလေး သင်ကြားပေးပါတယ်။ ဒီသင်တန်း ပြီးသွားရင်တော့ ကျွန်တော် တာဝန်ကျတဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်ဖို့အတွက် အစွမ်းကုန်ကြိုးစားသွားပါမယ်။ နှစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီးသွားရင် နိုင်ငံတော်ကနေ စစ်မှုထမ်းဖို့ ပြန်လည်ပြီး လိုအပ်တယ်ဆိုရင် ပြန်လည်စစ်မှုထမ်းဆောင်ဖို့ အတွက် ဆုံးဖြတ်ထားပါတယ်။

ပြည်သူ့စစ်မှုထမ်း သင်တန်းကို တက်ရောက်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ လူတိုင်းတက်ရမှာပဲလေ။ ဒီလိုမျိုး တက်ထားခြင်းအားဖြင့် တစ်ပါးနိုင်ငံကနေပြီးတော့ ကိုယ့်ကိုလာပြီးမကျူးကျော်ရဲဘူး။ ပညာသင်ကြားပေးမယ့် ဘာသာရပ်တွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစား လေ့ကျင့်သွားမှာပါ။ လူတိုင်းလူတိုင်း စစ်ပညာတတ်ကျွမ်းဖို့ဆိုတာ မလွယ်ဘူး။ အခြားနိုင်ငံတွေကလည်း ဒီလိုပဲ သင်နေကြတာ၊ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးဖြစ်လာတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး၏ စီမံလမ်းညွှန်မှုဖြင့် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် လယ်ပေါ်ပိုင်းရပ်ကွက် မြို့နယ်မီးသတ် ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်း ဦးဆောင်သည့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လျှပ်စစ်ရုံးတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ဆောင်ရွက်စဉ်။

မိုးဟိန်းထက်

အောင်လံမြို့နယ်အတွင်းရှိ မဲရုံများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး နိုဝင်ဘာ ၁၇ ရက်တွင် အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မဲရုံတာဝန်ရှိသူများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စနစ်တကျအသုံးပြုတတ်စေရန် လက်တွေ့သရုပ်ပြသခြင်းနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မျိုးသိန်း(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များတွင် နိုဝင်ဘာ ၁၇ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသားကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် AA အဖွဲ့ဝင်နှင့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့မှ AA အဖွဲ့ဝင် အမျိုးသားကိုးဦးနှင့် မအူပင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသားခြောက်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ... တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၅ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ AA မှာနေတဲ့အခါကျတော့ အိမ်နဲ့လည်း အဆက်အသွယ်မရဘူး။ ဖုန်းလည်းမပြောရဘူး။ ပြီးတော့ အစားအသောက်လည်း မကောင်းဘူး။ မကောင်းတဲ့အခါကျတော့မနေချင်ဘူး။ တစ်လလာလို့လည်းမမြင်ရ၊ တစ်နှစ်နေလို့လည်း မတွေ့ရတဲ့အခါ စိတ်ပျက်လာတယ်။ နေတာထိုင်တာ စားတာသောက်တာတွေ ဘဝတွေက ကြမ်းတမ်းတယ်။ တစ်ခါတလေကျရင် ရွှံ့တွေ ဗွက်တွေမှာလည်း အိပ်ရတယ်။ နောက်ပြီး ခြင်တွေဆိုရင်ကိုက်တယ်။ အဲဒါနဲ့မနေချင်တာနဲ့ နောက်ကိုပြန်ပြီးတော့ဆင်းတယ်။ ဆင်းတာနဲ့ သူတို့က ကျွန်တော့်ကို ဖမ်းတယ်။ ဖမ်းပြီးတော့ချုပ်ထားတယ်။ ချုပ်ထားတော့ ကျွန်တော်လည်း အချုပ်ထဲမှာမနေချင်ဘူး။ သူတို့လက်အောက်ထဲမှာ AA တွေ အထဲမှာမနေချင်ဘူး။ မနေချင်တာနဲ့ ကျွန်တော်က ဖောက်ပြီးတော့ ပြေးလာခဲ့တယ်။ ထမင်းတွေလည်းအသိုးတွေ။ တစ်ခါတလေကျရင် စားမရလို့ပစ်လိုက်ရတယ်။ ငါးခြောက်ဆို တစ်ကောင်သုံးကောင်ပဲပါတယ်။ တစ်ခါတလေကျ ဘာမှမပါဘူး။ ဆားဖြူးပြီးတော့ စားရတယ်။ ကြာလာတော့ စိတ်ပျက်လာတယ်။ အဲဒီအဖွဲ့အစည်းထဲမှာ မနေချင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော် အလင်းဝင်ဖို့ဆုံးဖြတ်လိုက်တယ်။

၂။ ကျွန်တော် PDF ထဲဝင်ရောက်တာကျတော့ ကရင်ပြည်နယ်ကနေစပြီးတော့ ဝင်သွားတာပါ။ ကရင်ပြည်နယ်ကနေဝင်ပြီးတော့ ကျွန်တော် စစ်ကိုင်းကိုသွားရပါတယ်။ ကျွန်တော်တို့ စစ်တိုက်တာကအစ သူတို့ဘက်ကနေပြီးတော့ လုပ်ဆောင်ချက်တွေ လွဲတယ်။ ကျွန်တော်တို့ကို နိုင်ထက်စီးနင်းလုပ်တာတွေလည်း ပါတယ်။ နောက် အစားအသောက်အစ လူပါးဝပါတယ်။ အခုစစ်တိုက်တယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေက ပထမစည်းမှာ စစ်တိုက်ရပါတယ်။ ကင်းစောင့်မယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေကိုပဲ စောင့်ခိုင်းပါတယ်။ သူတို့ AA တွေကျတော့ မစောင့်ပါဘူး။ သူတို့ကနောက်မှာပဲနေပါတယ်။ အကြောင်းရှိလို့ရှိရင် ကျွန်တော်တို့ စက်ပေါက်ပြီးတော့ ဒီမှာဒဏ်ရာရလို့ ဘာလို့လှမ်းခေါ်လို့ရှိရင်လည်း မင်းတို့ဘာမင်းတို့ ဆုတ်လာခဲ့ ငါတို့တက်လို့မရဘူး အဲဒီလိုပြောပါတယ်။ မှန်တယ် အောက်မေ့လို့ ကျွန်တော်ဝင်ခဲ့မိတယ်။ ဒါပေမဲ့ မှန်မှမမှန်တာ။ သူတို့ရဲ့လမ်းစဉ်က မမှန်တော့ ကျွန်တော်တို့က ဆုံးဖြတ်တယ်။ ကျွန်တော်တို့ ဒီ ၁၇ ယောက်ပြေးတယ်။ ဒီမှာ အလင်းလာဝင်ပြီဆိုလို့ရှိရင်လည်း ငါတို့နှစ်ယောက်က လက်နက်ပါမှဖြစ်မယ်။ ကျန်တဲ့သူတွေကတော့ အချုပ်ထဲမှာ။ အချုပ်ဖောက်ပြေးကြပါတယ်။ အချုပ်ဖောက်ထွင်းပြီးတော့ အားလုံးကိုခေါ်လာပါတယ်။ ခေါ်လာတော့ ဒီရောက်တော့ ဘယ်ရောက်လို့ ရောက်နေမှန်းတောင်မသိဘူး။ မသိတော့ဘယ်သူ့ကိုမှလည်း မဆက်သွယ်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့က အမှန်အတိုင်းပြောရရင် ယူနီဖောင်းတွေဝတ်ထားတဲ့ ဟာမျိုးကိုပဲ ဆက်သွယ်ရဲပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေတွေ့မှပဲ ပြောမယ်ဆိုပြီးတော့ကျွန်တော်တို့တောလမ်းအတိုင်းပဲ လျှောက်လာတယ်။ လျှောက်လာတော့ ကျွန်တော်တို့ကို ဆက်သွယ်ပေးတော့ ကျွန်တော်တို့ မြန်အောင် ခလရ (၅၁)မှာ အလင်းဝင်ခဲ့ပါတယ်။





အခုဒီမှာ ပြန်ရောက်တော့ ကျွန်တော်တို့ဘဝမှာ ရေခဲရေသောက်လိုက် ရတာတောင် တော်တော်အကောင်းဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့ကမထင်ထားဘူးပေါ့နော်။ ကျွန်တော်တို့ကို တွေ့တာနဲ့ ကျွန်တော်တို့ကို သတ်မယ်လို့ပဲ ထင်ထားတာ။ ဒါပေမဲ့ ကျွန်တော်တို့ထင်သလို မဟုတ်ပါဘူး။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ပဲ အားလုံးက ကြိုဆိုကြပါတယ်။ စပြီး ကျွန်တော်တို့ကိုလာခေါ်ကတည်းက ညီလေး မင်းတို့ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးနေညီလေး။ မင်းတို့ အဆင်ပြေအောင်လုပ်ပေးမယ်။ အနီးစပ်ဆုံးနဲ့ အကောင်းမွန်ဆုံးဖြစ်အောင် အစ်ကိုကြီးတို့လုပ်ပေးမယ်လို့ပြောပါတယ်။ အားပေးစကား/ အားရှိစကားပဲ ကျွန်တော်တို့ကိုပြောပါတယ်။ ဒါတွေကိုတွေ့ရတော့ ကျွန်တော်တို့အနေနဲ့ ဝမ်းလည်း ဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ ကျွန်တော်တို့ထင်ထားတာနဲ့ တလွဲတွေဖြစ်နေတယ်။ ကျွန်တော်တို့ နေရာ၊ ကျွန်တော်တို့ဒေသကိုလည်း ပြန်ပို့ပေးတော့မယ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်တို့ မိဘတွေလည်း ခေါ်လို့ရတယ်။ ကျွန်တော်တို့ နှစ်နဲ့ချီပြီးတော့ မမြင်ရ၊ မတွေ့ခဲ့ရတာကို အဆက်အသွယ်ရခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကြီး ကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သိပြီးတော့ အလင်းလာဝင်တယ်။ ဝင်တဲ့အချိန်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပေးတွေ့တဲ့အချိန်မှာ ဝမ်းလည်းဝမ်းသာတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော ဆရာကြီးအကုန်လုံးကိုရော ကျွန်တော်တို့က အထူးပဲကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ **သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် နိုဝင်ဘာ ၁၇**

ရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က မြေပြင်လူဦးရေစာရင်းများကို စဉ်ဆက်မပြတ်စာရင်းပြုစုဆောင်ရွက်စေလိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တက်ရောက်နေသူများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရေး၊ ကြိုတင်မဲနှင့် မဲပုံးလုံခြုံရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၅ ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊မိသားစုများ၊နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းကို ၁၁ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ယနေ့အထိ ပြိုင်ပွဲဝင် အသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များ အနက်မှ သုံးပုံတစ်ပုံ လျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသည့် စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှထွက်ခွာ



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးရန် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှ ထွက်ခွာစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဖောတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း အသီးသီးထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်တွင် လူနာ ၃၀ အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ ၂၅ ဦးအထိလည်းကောင်းတင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိကြောင်း သိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက်ဆေးကုသရန် ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် အကြိမ်(၂၀) မြောက်ဖြစ်ပြီး (၁၉) ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

### ဆောင်ရွက်ပေးလျက်ရှိ

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည်(၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈) ကြိမ်မြောက်အထိ ဒေသခံပြည်သူ ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နွေစပါးစိုက်ပျိုးရာတွင် ဆာဖိုးသာစပါးမျိုး တစ်ဧက တင်း ၁၅၀ အထက်၊ အောင်နိုင်တိုးစပါးမျိုး တစ်ဧက တင်း ၁၃၀ အထက် ထွက်ရှိသော တောင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



မကွေး နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် ဆာဖိုးသာစပါးမျိုး တစ်ဧကတင်း ၁၅၀ အထက်နှင့် အောင်နိုင်တိုးစပါးမျိုးတစ်ဧက တင်း ၁၃၀ အထက် ထွက်ရှိသော တောင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီး ချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာန ဆိုင်ရာများ၊ စပါးစိုက်တောင်သူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေး တိုင်းဒေသကြီးသည် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဆန်ဖူလုံမှု ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး ဝမ်းစာဖူလုံရေးအတွက် ၂၀ ရာခိုင်နှုန်း တိုးတက်စိုက်ပျိုးရမည်ဖြစ်သည့်အတွက် အထွက်ကောင်းမျိုးများဖြစ်သော ဆာဖိုးသာစပါးနှင့် အောင်နိုင်တိုးစပါးမျိုးကဲ့သို့ သက်ရင့်စပါးမျိုး များကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ ယနေ့ဂုဏ်ပြု ခံရသည့် တောင်သူများနည်းတူ အခြားတောင်သူများ သည်လည်း တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ စားရေရိက္ခာ ဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ဂုဏ်ပြုချီးမြှင့် ပွဲအခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဆာဖိုးသာ၊ အောင်နိုင်တိုး တစ်ဧက အထွက်နှုန်း အမြင့်ဆုံးရတောင်သူများ၊ ဆာဖိုးသာ စိုက်ပျိုးမှုအများဆုံး ခရိုင်နှင့် မျိုးပြောင်းလဲမှုအများ ဆုံးခရိုင်၊ ဆာဖိုးသာ/အောင်နိုင်တိုးတစ်ဧက ပျမ်းမျှ အထွက်နှုန်း ဆု၊ စိုက်ပျိုးမှုနှင့် မျိုးပြောင်းလဲမှုအများ ဆုံးဆုရရှိသည့် မြို့နယ်များမှ တောင်သူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှု အားပေးကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)

# ကော့မှူးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



ကော့မှူး နိုဝင်ဘာ ၁၇

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦး၊ ရန်ကုန်တိုင်းဒေသ ကြီး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ကော့မှူးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်ကုန်း - ကျွန်းကလေး- ရခိုင်စု ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း၊ ပျဉ်းကတိုး-ချောင်းဝလမ်းကွန်က ရစ်ခင်းခြင်းလုပ်ငန်းနှင့် K & F ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်သည့် ကျိုက်ထော်- ကျုံလတာ - အောက်ကျောင်း- ဥတို - သမဲ့လမ်းပေါ်ရှိ (48 m) ကွန်ကရစ်တံတား တည်ဆောက် ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ များမှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာ ရေးစသည့် လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)



# ပုသိမ်ကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာ တောင်သူ ဦးမောင်သန်း၏ လယ်မြေ၌ မိုးစပါး (အောင်နိုင်တိုး) စိုက်ခင်းအား စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉နာရီက ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ တာဝန်ရှိ သူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါ အောင်နိုင်တိုး မျိုးသန့်စပါးစံပြကွက် တစ်ဧက ရိတ်သိမ်းရာ စပါးအစို တင်း ၁၂၀ နှုန်း ထွက်ရှိခဲ့သည်။ စံကွက်ရိတ်သိမ်း ပွဲသို့ တက်ရောက်လာသည့် တောင်သူများအား တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာမျိုးစေ့ (ပိုက်ဆံလျှော်)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



အုတ်တွင်း နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ် ပေါက်တောကျေးရွာ တောင်သူ ဒေါ်ခင်အေး၏ စိုက်ဧက သုံးဧကရှိ လယ်မြေတွင် ဆင်းသုခမျိုး မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ယနေ့နံနက် ပိုင်းက ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါ အောင်၊ မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေး ကြီးကြပ်မှုအဖွဲ့ဝင် များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း၊ မိုးစပါး များရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်း အစိုတင်း ၁၄၀၊ အခြောက် တင်း ၁၃၀ ထွက်ရှိ ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

■

# ဒက္ခိဏသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးဌာနက စက်သုံးဆီဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလျှံထွေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် များပါဝင်သောအဖွဲ့သည် စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးဘေး ကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ် မီးသတ် တယ်လီဖုန်းနံပါတ်များဖြန့်ဝေပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေးခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်ရေးလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)



# လှည်းကူးမြို့နယ်၌ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၇

လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု များအား သန့်ရှင်းသောရေများ စဉ်ဆက်မပြတ်ရရှိစေရေး၊ အိမ်သွယ်ရေ တိုင်စနစ်ဖြင့် ပိုက်သွယ်ပြီး စနစ်တကျသုံးစွဲနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေ/သုံးရေ စနစ်တကျသုံးစွဲနိုင်ရေး၊ အမှိုက်များ စွန့်ပစ်ရာတွင် စနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးကွင်းဆင်း ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ရဲမွန်ကျေးရွာ၌ဆောင်ရွက် သည်။

အဆိုပါ အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်းကို လှည်းကူး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ရဲမွန်ကျေးရွာအုပ်စုအတွင်းရှိပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျိုင်းတုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲ ပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာဝန်ခံတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၈၄ ဦးဖြင့် နိုဝင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး ရှင်းလင်း



**ဒေးဒရဲ နိုဝင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးတင်ဆွေဝင်းသည် ဒေးဒရဲမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာများ၊ မဲစာရင်းကိစ္စရပ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီဝင်များနှင့် တွေ့ဆုံပွဲကို ယနေ့ညနေ ၄ နာရီက အမှတ်(၁)ရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးတင်ဆွေဝင်းက မဲပေးစက်များ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်စေရေး ကြိုတင်ဆောင်ရွက်ထားရန်၊ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာမည့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မဲပေးစက်ထားရှိမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

## ကျုံပျော်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

**ကျုံပျော် နိုဝင်ဘာ ၁၇**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သင်ခန်းစာအကျဉ်း၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတို့၏ တာဝန်များ၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လမ်းမတော်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်း မဲရုံမှူး/ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနေလင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး/ ဒုတိယမဲရုံမှူးများ၊ ဆရာ ဆရာမများအား လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မဲရုံမှူး/ဒုတိယမဲရုံမှူး သင်တန်းသား သင်တန်းသူ ၄၄ ဦးတက်ရောက်ခဲ့ကြပြီး နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**



## မူဒုံမြို့၌ မဲစာရင်းကပ်ထားကြေညာရေး စည်းဝေး

**မုဒုံ နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သက်ဆိုင်ရာ တိုက်နယ်မှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

## လသာမြို့နယ်၌ မဲရုံးမှူး၊ ဒုတိယမဲရုံမှူး သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လုပ်ငန်းကျွမ်းကျင်မှု မြို့နယ်အဆင့်သင်တန်းကို ယနေ့နံနက်ပိုင်းကလသာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းက ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**





## သန်လျင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြူညွန့်က မိမိတာဝန်ကျမဲရုံများတွင် စနစ်တကျဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် သန်လျင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်လဲ့လဲ့အောင်က သင်တန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၈ ရက်အထိဖြစ်သည်။ ဒုတိယအသုတ်သင်တန်းကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# လူထုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  နိုဝင်ဘာ  ၁၇

**လူထုပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–



ကျွန်တော်ကတော့ ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်း ဖြစ်ပါတယ်။ လူထုပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ တစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ လူထုပါတီအနေနဲ့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ လူထုပါတီအနေနဲ့ ပြည်သူလူထုအတွက် တင်ပြပါကိစ္စရပ်တွေကို ဆောင်ရွက်ခွင့်ရချင်ပါတယ်။ နိုင်ငံတော်အတွင်း

ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း

သာယာရေး

စားဝတ်နေရေး

ကျန်းမာရေး

ပညာရေး

စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ခွင့်ရချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေက ကွန်ပျူတာခေတ်၊ Internet ခေတ်တွေ ကျော်လွန်ပြီး AI ခေတ်ကိုတောင် ရောက်နေပြီ။ စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ ဒီဇယ်ခေတ်ဆီကားတွေကနေ လျှပ်စစ်ကားတွေ၊ အာကာသခရီးသွားလုပ်ငန်းတွေ၊ အာကာသနယ်ပယ်သစ် ချဲ့ထွင်မှုတွေ၊ အင်အားကြီးစစ်လက်နက်တွေ၊ လက်နက်ဆန်းတွေ အလုအယက်ဖန်တီးတည်ဆောက်နေကြတာ နေ့စဉ်နှင့်အမျှ ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံကြီးတွေ၊ ပတ်ဝန်းကျင် နိုင်ငံတွေရဲ့ တိုးတက်မှုတွေကိုကြည့်ရင် နိုင်ငံသားအချင်းချင်း မသင့်မြတ်မှု၊ လက်နက်စွဲကိုင်သူပုန်ထမှုတွေ ချုပ်ငြိမ်းပြီးမှ ရလာတဲ့ အသီးအပွင့်တွေ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီး အေးချမ်းသာယာဖို့ အချိန်တန်ပါပြီ။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်း မသင့်မြတ်မှု အခွန့်ရှည်နေမယ်ဆိုရင် တိုင်းပြည်နဲ့ ပြည်သူတို့ရဲ့ဘဝများက ဘယ်တော့မှတိုးတက်မှာ မဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဆုပ်ထားတဲ့လက်သီးတွေ ဖြည်လိုက်ကြပါ။ လက်သီးဆုပ်တွေကို ဖြည်မယ်ဆိုရင် ရင်ဘတ်ချင်းအပ် ပွင့်လင်းဖို့လိုပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တည်ဆောက်လို့ မရပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မငြိမ်းချမ်းမှုကြောင့် တိုင်းပြည်လည်းနာ၊ ပြည်သူလည်း ဒုက္ခဝေဖြာခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်တဲ့ NCA သာလျှင် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ဖူးထွက်စေချင်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်မျိုးသားလုံးနီးပါး စာတတ်မြောက်ဖို့လိုပါတယ်။ အများအားဖြင့် ကျောင်းနေလို့ရတဲ့ အသက်အရွယ်အားလုံး ကျောင်းနေရပါမယ်။ လူငယ်တိုင်း စာတတ်မြောက်ရပါမယ်။ လူငယ်တွေ စာတတ်မြောက်ပါမှ ဗဟုသုတရှိမှာပါ။ အမှားအမှန်ကို ဝေဖန်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေ ပညာဆည်းပူးတဲ့အခါမှာ ပညာမသင်နိုင်လောက်အောင် အတားအဆီးဖြစ်နေတဲ့ အရာတွေထဲမှာ ဒေသအလိုက် မငြိမ်းချမ်းမှု၊ အုပ်ချုပ်ရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုတွေလည်း ပါဝင်ပါတယ်။ ယနေ့ အခြေအနေအရဆိုရင် မငြိမ်းချမ်းမှုကြောင့်၊ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စာမသင်ရတဲ့လူငယ်တွေ အများကြီးဖြစ်ပါတယ်။ လူငယ်တွေ ပညာသင်ယူနိုင်ဖို့ ငြိမ်းချမ်းရေးနှင့်လည်း အဓိက သက်ဆိုင်နေပါတယ်။ ဒုတိယအရေးကြီးတာက လူငယ်တွေ ပညာသင်ယူနိုင်ဖို့အတွက် စာပေသင်ယူနိုင်မှု အခွင့်အလမ်းတွေ လွယ်ကူရပါမယ်။ မိသားစုတိုင်း စီးပွားရေး ပြေလည်အောင် ဆောင်ရွက်ရပါမယ်။ မိသားစုတိုင်း သားသမီးပညာရေးအတွက် ဦးစားပေးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ ကြီးမြင့်တဲ့စရိတ်စကတွေလည်း လျှော့ချပေးရပါမယ်။ အစိုးရကျောင်းတွေမှာ လူငယ်အားလုံး ပညာသင်ယူနိုင်အောင် ဆောင်ရွက်ရပါမယ်။ စာသင်ပေးမယ့် ဆရာ ဆရာမတွေရဲ့ အရည်အချင်းတွေ၊ အရည်အသွေးတွေကို မြှင့်တင်ရပါမယ်။ ရပ်ထဲရွာထဲ ကျော်စောမှုရှိတဲ့ ပညာတတ်များ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အစိုးရစာသင်ကျောင်းတွေမှာ အချိန်ပိုင်း စာသင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ပေးရပါမယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု၊ အလွန်အကျွံလေးစားမှု၊ နိုင်ငံရေးဝါဒတစ်ခုခုကို အလွန်အမင်းယုံကြည်မှု၊ အကြမ်းဖက်လက်နက်စွဲကိုင်မှု၊ နိုင်ငံရေးဝါဒတစ်ခုအပေါ် မှားယွင်းစွာယုံကြည်မှု၊ တိုင်းပြည်ကာကွယ်ရေးအတွက် မဟုတ်ဘဲ လက်နက်ကိုင်သူပုန်ထမှုတွေဟာ အသိသုတ၊ ဗဟုသုတမရှိလို့သာ ဖြစ်ပါတယ်။ အသိသုတ၊ ဗဟုသုတရှိစေဖို့၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ လူငယ်တွေ ငယ်စဉ်ကတည်းက ပညာဆည်းပူးရမှာ ဖြစ်ပါတယ်။ လူငယ်တွေကို စာသင်ကြားပေးတဲ့နေရာမှာ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ် ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ တာဝန်တွေကို ကျွန်တော်တို့ လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ဟာ မြေသယံဇာတပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေးကောင်းမွန်စွာ ပြုလုပ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ လယ်ယာနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က ကမကထပြုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းသွားတဲ့ကာလမှာ ပစ္စည်းကိရိယာများရဲ့ ဈေးနှုန်းမြင့်မားမှု၊ လောင်စာဆီများ ဈေးနှုန်းမြင့်မားမှုတွေ ကြီးမားတဲ့စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်း လုပ်ကိုင်သူတွေကို နိုင်ငံတော်က ကူညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းအတွက် လိုအပ်တဲ့ စက်ယန္တရားတွေ၊ လောင်စာဆီတွေ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရမှာ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပုဂ္ဂလိကများအား လုပ်ကိုင်ခွင့်မပေးဘဲ နိုင်ငံတော်အစိုးရကသာလျှင် ထိန်းချုပ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံး စက်ယန္တရားများ၊ လောင်စာဆီများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ အခြားအထောက်အကူပြုပစ္စည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ လက်ဝါးကြီးအုပ်မှုများ၊ ဈေးကစားမှုများကြောင့် လယ်သမားများ အခက်ကြုံတွေ့နေရပါတယ်။ လယ်သမားများ လယ်ယာမြေမစိုက်ပျိုးနိုင်ရင် နိုင်ငံတော်ရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရပါလိမ့်မယ်။ လယ်ယာလုပ်ငန်းရှင်များနှင့် ပတ်သက်၍ အစိုးရမှ ပြန်လည်ကိုင်တွယ်သင့်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ရဲ့ လူဦးရေများပြားလာမှု၊ မြို့ရွာများ ချဲ့ထွင်လာမှုတွေဟာလည်း လယ်ယာမြေဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။ မတော်လောဘဖြင့် စီးပွားရေးလုပ်ကိုင်သူများက လယ်ယာမြေများကို ဥပဒေမဲ့ အကွက်ရိုက် ရောင်းချမှုများ၊ အခြားနည်း အသုံးပြုခွင့်မရှိဘဲ လယ်ယာမြေကိုဖျက်သိမ်း၍ အခြားလုပ်ငန်း ဆောင်ရွက်မှုများကြောင့် လယ်ယာမြေများဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါတယ်။ အစိုးရမှ ဥပဒေများ ထုတ်ပြန် အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အချို့သော မတော်လောဘ စီးပွားရေးသမားများက လိုက်နာမှုမရှိသည်ကို တွေ့ရပါတယ်။ ပြင်းထန်ထိရောက်သော ဥပဒေများရေးဆွဲ၍ လယ်ယာမြေများ ဆုံးရှုံးခြင်းကို ကာကွယ်သင့်ပါတယ်။ လယ်ယာမြေများအတွက် လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။



**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့လူငယ်တွေက နိုင်ငံတော်အတွင်းမှာမနေဘဲ အချို့သော နိုင်ငံတွေကို တရားမဝင်သွားရောက်နေတာကလည်း ကြီးမားတဲ့ ပြဿနာတစ်ခု ဖြစ်ပါတယ်။ လူငယ်တွေ ပြည်တွင်းမှာနေဖို့အတွက် လုပ်သာကိုင်သာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်တဲ့အတွက် အလွယ်တကူစိုက်ပျိုးနိုင်အောင်၊ မွေးမြူနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ပါတီက သဘောကျအကြိုက်ဆုံးအရာတစ်ခု ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲဖွင့်ပေးတာပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးသောလုပ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ အရင်စနစ်က ပညာသင်နေတဲ့ လူငယ်တွေဟာ ၈ တန်း၊ ၉ တန်း၊ ၁၀တန်း မအောင်တော့ရင် ဘာလုပ်ရမှန်းမသိ ဖြစ်နေတတ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲ၍ ဖွင့်ပေးထားခြင်းအားဖြင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း အဆင့်မြင့်တန်းတွေ မဆည်းပူးနိုင်ရင်တောင်မှ စိုက်ပျိုးမွေးမြူရေးကို နားလည်ပြီး ၎င်းတို့ တစ်ဦးချင်းရဲ့ စားဝတ်နေရေး၊ မိသားစုစားဝတ်နေရေး၊ နိုင်ငံတော်အတွက် အကျိုးပြု လူတန်းစားတစ်ရပ်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ကျေးရွာတွေ/မြို့တွေမှာရှိတဲ့ လူငယ်တွေဟာ နိုင်ငံရပ်ခြားသွားစရာမလိုပါဘဲ မိမိတို့နိုင်ငံမှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ မြို့နယ်တိုင်းမှာ ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ ယင်းဇုန်များ ထူထောင်ရာတွင်လည်း စီးပွားရေးသမားများ လက်ဝါးကြီးအုပ်မှုမရှိစေရန် စနစ်တကျ ထိန်းကျောင်းပေးရပါမယ်။

ဖော်ပြပါတာဝန်များကို ကျွန်တော်တို့ လူထုပါတီက ထမ်းဆောင်ခွင့် ရချင်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့လူထုပါတီကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ မဲရုံကိုသွားပြီး မိမိကြိုက်ရာပါတီ၊ မိမိကြိုက်ရာ ကိုယ်စားလှယ်လောင်းကို မဲပေးလိုက်ပါ။ သင့်မဲတစ်ပြားဖြင့် တိုင်းပြည်တည်ဆောက်ပါ။ သင့်မဲဖြင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြောင်း ပြသလိုက်ပါ။ သင့်မဲဖြင့် ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ပါ။ သင့်မဲဖြင့် နိုင်ငံတော်သာယာဝပြောအောင် လုပ်ပါ။ သင့်ကြောင့် ရရှိပြီးလွတ်လပ်ရေးကို မဆုံးရှုံးပါစေနှင့်။ သင့်ကြောင့် နိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ အခွန့်ရှည် တည်တံ့ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ရှင် အစစ်အမှန်ဖြစ်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ...**

မဲဆန္ဒရှင် ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များကို အခြေခံပြီး နိုင်ငံရေးမျိုးဆက်အသီးသီးမှ ရဲဘော်များ၊ နယ်ပယ်အသီးသီးမှ တတ်သိကျွမ်းကျင်သူများကို စုစည်းတည်ထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ မကြာမီဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲဟာ သာမန်အခြေအနေတွေမှာ ကျင်းပရတဲ့ရွေးကောက်ပွဲတွေနဲ့ မတူပါဘူး။ ဒါကြောင့်လည်း ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုကိစ္စတွေကို ဦးစားပေးဆောင်ရွက်ကြမလဲဆိုတာက အင်မတန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့ ပြည်သူ့ပါတီအနေနဲ့ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးစားပေးအစီအစဉ်လို့ ပြောနေရပေမယ့် တစ်ခုပြီးမှတစ်ခု လုပ်ရမှာမျိုး မဟုတ်ဘဲ ရှိသမျှအရင်းအမြစ်တွေကိုစုစည်းပြီး အင်တိုက်အားတိုက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့လည်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့ဆိုတာ အင်မတန်ကို ခက်ခဲပါတယ်။ ပဋိပက္ခပြင်းထန်တဲ့ကာလတွေမှာ အစွန်းတရားတွေ ကြီးထွားလေ့ရှိပေမယ့် နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးအမြင်ကိုတော့ မျက်ခြည်မပြတ်ဖို့လိုပါတယ်။ ဒါကြောင့်လည်း အကြောင်းကြောင်းကြောင့် ကွဲကွာနေရတဲ့ မိသားစုတွေပြန်လည်ဆုံစည်းနိုင်ဖို့ ငြိမ်းချမ်းတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာကြစေဖို့ အဓိကဆောင်ရွက်သွားပါ့မယ်။ တိုက်ပွဲရှောင် နေရပ်စွန့်ခွာပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လည်အခြေချနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုတွေ ပြန်လည်ခံစားရရှိနိုင်စေဖို့အတွက် မူဝါဒတစ်ရပ် ညှိနှိုင်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်ရရှိစေဖို့အတွက်လည်း ဆောင်ရွက်သွားပါ့မယ်။ ငြိမ်းချမ်းရေးရရှိလာတာနဲ့အမျှ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်တဲ့ စိုးရိမ်သောကတွေကိုလည်း သက်သာစေမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ဆေးကြီးကြပ်ခြင်းများ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်က တန်းတူညီမျှရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်း တန်းတူညီမျှရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လာရင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ ရာဇဝတ်မှုတွေလျှော့ချနိုင်ဖို့အတွက် အခြေခံတစ်ခုဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါး ပျံ့နှံ့သုံးစွဲနေမှုဟာလည်း နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံမှုအတွက်လည်း အင်မတန်အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးလို့ပြောရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ အဓိကပါ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် အခြေခံလူနေမှုစရိတ်နဲ့ လိုက်လျောညီထွေတဲ့ လုပ်ခလစာ အဆောင်အယောင်တွေ ရရှိခံစားနိုင်စေဖို့နဲ့ စွမ်းရည်ထက်မြက်ပြီး ကျစ်လျစ်တဲ့ ဝန်ထမ်းယန္တရား ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်ရေးစနစ်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ E-Government အဆင့် အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ တရားမျှတပြီး ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ ဥပဒေတွေဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်တွေကို စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ၊ ပယ်ဖျက်အစားထိုးသင့်တာတွေ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍဟာ အခြေခံလိုအပ်ချက် ဖြစ်ပါတယ်။ လျှပ်စစ်မီးမှန်မှန်ရရှိစေဖို့ စွမ်းအင်ကဏ္ဍဖူလုံစေဖို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်းစေရေး၊ စိုက်စရိတ်ချေးငွေများ၊ သီးနှံအာမခံစနစ်များ ခံစားရရှိနိုင်စေရေး၊ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ စက်သုံးဆီ၊ စိုက်ပျိုးရေရရှိစေရေး၊ သီးနှံထွက်ကုန်များ လက်ဝါးကြီးအုပ်ဈေးကစားခြင်းမှ အကာအကွယ်ပေးရေး၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ကုန်စည်များထုတ်လုပ်နိုင်ရေးတို့ကို အားပေးထောက်ပံ့သွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် နည်းပညာအရင်းအနှီးနဲ့ ဈေးကွက်အဆက်အသွယ်တွေကိုလည်း ရှာဖွေကူညီပေးသွားမှာ ဖြစ်ပါတယ်။ လယ်ယာသားငါးထွက်ကုန်များ၊ စက်မှုထွက်ကုန်များ ဈေးကွက်နဲ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းကြောင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံချောမွေ့စေခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာစေဖို့အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးဖိတ်ခေါ်ခြင်း၊ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ကြမယ့် လူငယ်တွေအတွက် ဥပဒေအကာအကွယ်ရရှိခံစားနိုင်စေရေး၊ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေ ပြန်လည်ရရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အင်မတန်အရေးပါပါတယ်။ ဒါကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ၊ လူနေအိမ်ရာများ၊ အိမ်ခြံမြေဈေးကွက် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မူဝါဒများညှိနှိုင်းရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍ အသီးသီးအတွက် ဖွံ့ဖြိုးရေးဘဏ်များ စနစ်တကျတည်ထောင်ဖွံ့ဖြိုးလာစေဖို့ကိုလည်း ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ ကိန်းဂဏန်း၊ စာရင်းဇယားများ မှန်ကန်တိကျရေးနဲ့ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ တိတိကျကျ သတ်မှတ်ဖော်ဆောင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားပါ့မယ်။ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်(digital economy) ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်စေဖို့ အားပေးဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အဓိကအခက်အခဲဖြစ်နေတာတစ်ခုကတော့ ဘဏ်တိုးနှုန်းပဲ ဖြစ်ပါတယ်။ အခွန်အကောက် ကောက်ယူတဲ့နေရာမှာလည်း ရိုးရှင်းပြီး သင့်တင့်မျှတတဲ့ အခွန်အကောက်စနစ်တွေဖြစ်ဖို့၊ အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ကျယ်ပြန့်တဲ့ အခွန်ထမ်းစနစ်ဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါကာလကစပြီး ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်သက်ဝင်အားကောင်းလာစေဖို့ စီးပွားရေးနှိုးဆွမှုအစီအမံများ(economic stimulus plan)ကိုလည်း ညှိနှိုင်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းများ ကြိုးနီစနစ်များကိုလည်း အတတ်နိုင်ဆုံး ပြုပြင်ဖြေလျှော့ခြင်း(deregulation) ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေ အားကောင်းသန်မာလာစေဖို့နဲ့ ငွေကြေးဈေးကွက်နဲ့ လွယ်ကူစွာချိတ်ဆက်နိုင်စေဖို့၊ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာစေဖို့အတွက်တွေကိုလည်း အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလို့ပြောတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အခြေခံအကျဆုံးပဲဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ နိုင်ငံသားတွေဖြစ်ဖို့၊ ဉာဏ်ရည်မြင့်မားတဲ့ နိုင်ငံသားတွေဖြစ်ဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

ပညာရေးစနစ်ကို နိုင်ငံသားတိုင်း အလယ်တန်းပညာအဆင့် အနိမ့်ဆုံး သင်ကြားတတ်မြောက်နိုင်စေဖို့နဲ့ အတွေးအခေါ် ဆင်ခြင်တုံတရားကို အားပေးတဲ့ ပညာရေးစနစ်ဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းသွားပါ့မယ်။ ၂၀၂၅ ခုနှစ် ကုလသမဂ္ဂလူဦးရေဌာန၏ ပျမ်းမျှတွက်ချက်မှုတွေအရ ကမ္ဘာလုံးဆိုင်ရာ မွေးဖွားချိန်မှစ၍ ပျမ်းမျှသက်တမ်း(Life Expectancy at Birth) မှာ ၇၃.၅ နှစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ ပျမ်းမျှသက်တမ်းကတော့ ၆၇.၃ နှစ်ပဲရှိတဲ့ ၂၀၁ နိုင်ငံဖော်ပြတဲ့အထဲမှာ အဆင့် ၁၆၃ ကို ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အစားအသောက်၊ ဆေးဝါး၊ သောက်သုံးရေ အစရှိတဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အန္တရာယ်မကင်းတဲ့ ဓာတုဆေးဝါးတွေ၊ ဆိုးဆေးတွေ သုံးစွဲနေမှုတို့ကို တင်းတင်းကျပ်ကျပ် စိစစ်ထိန်းချုပ်သွားပါမယ်။ နေ့စဉ်ရှူရှိုက်နေရတဲ့ လေကောင်းလေသန့်ရရှိနိုင်ဖို့အတွက်လည်း လေထုညစ်ညမ်းမှုလျှော့ချရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကိုအခြေခံပြီး အမျိုးသားယဉ်ကျေးမှုအခြေခံတွေကိုလေးစားတန်ဖိုးထားတဲ့ နိုင်ငံတော် ပြန်လည်စုစည်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်တဲ့ နေရာမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနဲ့ ငြိမ်းချမ်းစွာ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။



**မဲဆန္ဒရှင်ပြည်သူများခင်ဗျာ......**

ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်း ဆိုတဲ့ လောကပါလတရားတွေကို အခြေခံတဲ့ နိုင်ငံတော်သစ် တည်ဆောက်နိုင်ဖို့ ခိုင်မာစွာကြိုးပမ်းရပ်တည်နေတဲ့ ပါတီဖြစ်ပါတယ်။ အခုလို သာမန်မဟုတ်တဲ့ အခြေအနေမျိုးမှာ ကျင်းပမယ့်ရွေးကောက်ပွဲဟာ သာမန်ရွေးကောက်ပွဲတွေထက်အရေးကြီးပါတယ်။ လက်ရှိပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ စားဝတ်နေရေးပြဿနာတွေကို သက်သာပြေလည်နိုင်စေဖို့ လာမယ့် ၅ နှစ်တာကာလအတွက် နိုင်ငံတော်ကို ရွေးချယ်ကြရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကိုယ်စား ပြောရေးဆိုခွင့်ရရှိဖို့၊ ပြည်သူတွေရဲ့ ဆန္ဒမဲနဲ့ ပြည်သူတွေကို အခြေပြုတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အဝါရောင်နောက်ခံနဲ့ ပြည်သူ့ပါတီကို မဲပေးထောက်ခံကြဖို့ လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား.......

ပြည်သူ့ပါတီရဲ့ အမှတ်အသားတံဆိပ်ကတော့ အဝါရောင်နောက်ခံနဲ့ အလယ်က အနီရောင်အကန့်ပေါ်မှာ မီးရှူးတိုင်ကိုင်ဆောင်ထားတဲ့ပုံ ဖြစ်ပါတယ်။

"အမှောင်တိုက်ကိုဖြိုခွင်း အလင်းခေတ်ကိုရောက်ဖို့ အဝါရောင် ပြည်သူ့ပါတီကို မဲပေးစို့"

ပြည်သူအားလုံး နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။

**အလင်းခေတ်သို့ဦးတည် ပြည်သူ့ပါတီ**

("မဲပေးကြမည်ပြည်သူ့ပါတီ")
Cho:( မဲပေးကြရမည် )၂
( ပြည်သူ့ပါတီ )
Verse 1 : စပါးရွှေဝါ တောင်လိုပုံရမည်။
အမိနိုင်ငံသာယာငြိမ်းချမ်းမည်။
(နိုင်ငံရောင်ဝါ ပြန်ထိန်လင်းရမည်။)
ရွှေဝါရောင်အိပ်မက်သို့ဦးတည်။
အဝါ အဝါ အဝါ လာပါပြီ။
Cho:( မဲပေးကြရမည်)၂
(ပြည်သူ့ပါတီ)
Verse 2 : စိုးရိမ်သလား ပြောလိုက်စမ်းပါ။
နားမလည်ဘူးလား ပြောလိုက်စမ်းပါ။
ဆင်းရဲနွမ်းပါးလား ပြောလိုက်စမ်းပါ။
အိပ်မက်တွေ ပျောက်နေသလား ပြောလိုက်စမ်းပါ။
အားလုံးကိုယ်စား ပြောပေးမယ့်သူ
အဝါ အဝါ အဝါ လာပါပြီ။
Cho:( မဲပေးကြရမည် )၂
(ပြည်သူ့ပါတီ)
Verse 3 : တရားမျှတခြင်း
လွတ်လပ်ခြင်းတွေ တန်းတူညီမျှခြင်းအတွက်
(မဲပေးကြရမည်)
အဝါ အဝါ အဝါရောင်
အဝါ အဝါ အဝါရောင် လာပြီ။
Verse 4 : မင်းကရော အဝါ သူကရော အဝါ
မင်းကလည်း အဝါ
ငါကလည်း အဝါ
အားလုံး အဝါ
မဲပေးကြပါမည်။
Cho :(မဲပေးကြရမည်)၂
(ပြည်သူ့ပါတီ)
Verse 2
Cho : (မဲပေးကြရမည်)၂
(ပြည်သူ့ပါတီ)
Verse 3
Verse 4
( Cho : )(မဲပေးကြရမည်)၂
(ပြည်သူ့ပါတီ)
( Cho :) (မဲပေးကြရမည်)၂
( ပြည်သူ့ပါတီ )

# ပင်လုံမြို့၌ မေတ္တာအေးရိပ်ပရဟိတကျောင်းအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ



ပင်လုံ နိုဝင်ဘာ ၁၇

နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၀၃ ဒသမ ၃၁၃ သန်းဖြင့် ဆောင်ရွက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ (လွိုင်လင်-ပင်လုံ-လဲချားလမ်းမကြီးမှ ဝမ်အင်-ဝမ်လုံကျေးရွာ) မေတ္တာအေးရိပ်ဘုန်းတော်ကြီးသင် ပရဟိတကျောင်းသို့ ဆက်သွယ်ထားသောလမ်း(၁/၀မိုင်) ကွန်ကရစ်လမ်း ၀/၄ မိုင် (အပိုင်း-၁) အောက်ခံကျောက်မပါ လမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါ လမ်းသစ်ဖွင့်ပွဲကို မေတ္တာအေးရိပ်ပရဟိတကျောင်းတိုက်နာယက လားရှိုးမြို့ မန်ဆူဆရာတော် ဘဒ္ဒန္တ ဒေါက်တာပုညနန္ဒ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းကြသည်။

ဆက်လက်၍ ဆရာတော်ဦးဆောင်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ပင်လုံမြို့ ရပ်ကွက်(၃)နှင့် ပန်မုန့်ရွာသွားလမ်း တံတားသစ်ဖွင့်ပွဲသို့ရောက်ရှိကာ တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ယင်းနောက် ဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပင်လုံမြို့ ပဒုမ္မာစာရီ သီလရှင်ကျောင်းတိုက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့်စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် တစ်နာရီ ရေထွက်ရှိမှုနှုန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းတိုက်အတွင်း ကိန်းဝပ်သည့် ဗုဒ္ဓရုပ်ပွားတော်နှင့် ဓာတ်တော်မွေတော်များကို ဖူးမြော်ပြီး သီလရှင်ကျောင်းတိုက်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ကြီး (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပနိုင်ရေး ဩဝါဒခံယူပွဲပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ယမန်နေ့ နံနက်ပိုင်းက စေတီတော်ကြီး ဂေါပကအဖွဲ့ရုံးခန်းမ၌ ပြုလုပ်သည်။

### ဩဝါဒခံယူ

အခမ်းအနားတွင် ဆုတောင်းပြည့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှကြည်နှင့် တာဝန်ရှိသူများက ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည့် (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် ဘာသာရေးဆိုင်ရာကိစ္စများ၊ ပွဲတော်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြလျှောက်ထားကြသည်။ ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား စေတီတော် ဂေါပကနှင့်အဖွဲ့ဝင်များက နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။

ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ မဟာပဋ္ဌာန်းကျမ်းမြတ်အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ် ၁၀၉ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ရာ ပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၂ ရက်အထိ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# တောင်ငူမြို့နယ်၌ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း အစီအစဉ်ဆောင်ရွက်



တောင်ငူ နိုဝင်ဘာ ၁၇

တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပညာရေးဌာနနှင့်ပူးပေါင်း၍ တောင်ငူမြို့ အထက(၁)တွင် ပညာသင်ကြားနေသော KG ကျောင်းသား ကျောင်းသူများအား ယနေ့နံနက်ပိုင်းက ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင် ဦးဆောင်၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်ကို အဆိုပါကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၃၈ ဦးအား အဏုအာဟာရမှုန့်များ ထည့်သွင်းကျွေးမွေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်ငူမြို့နယ် မိခင်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဟသ်ာတမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေး

ဟသ်ာတ နိုဝင်ဘာ ၁၇

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရများ ကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၌ ဆောင်ရွက်သည်။



ဦးစွာ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရ ကျွေးမွေးနေမှုကို ဟသ်ာတခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သက်သက်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို ဟသ်ာတမြို့နယ်တွင် အခြေခံပညာကျောင်း ၃၅၄ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၉၃၆ ဦးတို့အား နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျောင်းတွင်း အာဟာရကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချောင်းဦးမြို့နယ်၌ မဲရုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်



ချောင်းဦး နိုဝင်ဘာ ၁၇

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲရုံများအား မီးဘေးလုံခြုံရေးနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်း ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးမြင့်သောင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိ ဒေါ်ဆွေဆွေသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းအောင်နှင့် တပ်ဖွဲ့ဝင်များက မဲရုံများ ပတ်ဝန်းကျင်အား လုံခြုံရေး စစ်ဆေး၍ မီးသတ်ဦးစီးဌာနမှ မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် မီးသတ်ဆေးဘူးများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မဟာအောင်မြေမြို့နယ်၌ မီးဘေးကာကွယ်ရေး ဆောင်ရွက်

မဟာအောင်မြေ နိုဝင်ဘာ ၁၇

မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်ရှိ မန်းမြို့ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၇ ရက်က ဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ သန္ဓေ/ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးအမှုဆောင်များ၊ မြို့နယ်ဈေးကော်မတီအဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဈေးမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ "တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ " ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် " ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သော ရွေးကောက်ပွဲပေါ်ပေါက်ရေး" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး အသိပညာပေး နှီးဆော်မှုများ ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်ကြသည်။

**ပါဝင်ဆောင်ရွက်**

ထိုသို့ဆောင်ရွက်မှုတွင် သဘင်အနုပညာရှင်များဖြစ်ကြသည့် ဦးနန်းဝင်း၊ အောင်သွေးသစ်၊ ထက်မြက်၊ ဇော်ကြီး(မအူပင်)၊ ရန်ရှင်း၊ ပန်းအိစံ၊ ပန်းကဗျာ၊ ရွှန်းလဲ့အိမ်၊ ငွေနန်းစံ၊ ပိုးပိုးအိမ်၊ သင်းသံသာတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော သဘင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တိုက်ကြီးမြို့နယ်၌ ဦးစီးအရာရှိများ လုပ်ငန်းခွင်သင်တန်းနှင့် အရာရှိမြေတိုင်းသင်တန်းဖွင့်လှစ်

တိုက်ကြီး နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ဝန်ကြီးဌာနကိုယ်စားပြု ဦးစီးအရာရှိများ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁)နှင့် အရာရှိမြေတိုင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဗဟိုမြေစာရင်းလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနကိုယ်စားပြု ဦးစီးအရာရှိများ လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁)သို့ သင်တန်းသား ၆၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာ အရာရှိမြေတိုင်းသင်တန်းအမှတ်စဉ်(၁၂)သို့ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်နှစ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့နံနက် ၇ နာရီ ၃၄ မိနစ် ၂၆ စက္ကန့်အချိန်တွင် ဟားခါး မြေငလျင်စခန်းမှ တောင်ဘက် ၇၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မတူပီမြို့၏တောင်-အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လယ်ဝေးမြို့နယ်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

လယ်ဝေး နိုဝင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲစာရင်းများ မှန်ကန်စေရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ မဲစာရင်းများစိစစ်ဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပါတီကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြပြီး နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၇**

တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တရုတ်ဘာသာစကားသင်တန်း (MMKM Chinese Language Center)တို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းတွင် အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး တရုတ်ဘာသာစကား သင်တန်းမှ တည်ထောင်သူ ဆရာ ဦးအောင်ပြည့်ဖြိုးနှင့် မောင်ဘုန်းသန့်ဇင်၊ မချိုဇင်သက်၊ မသန္တာဖြိုးတို့က လူငယ်နှင့် ဘာသာစကားအရေးပါမှု၊ လူငယ်နှင့် အတတ်ပညာလေ့လာဆည်းပူးရန် လိုအပ်မှု၊ လူငယ်နှင့်သင်ယူပြီး အတတ်ပညာ ဘယ်လိုအသုံးချမလဲ၊ လူငယ်နှင့်ကြုံတွေ့ရမည့် အခက်အခဲ ဘယ်လိုကျော်ဖြတ်ရမလဲ၊ လူငယ်နှင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော



တနင်္သာရီ နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အထက(တနင်္သာရီ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇေယျာမိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့ဆိုးကျိုးများ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ Fire Hotspot များနှင့် သစ်တောထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုးပြုစုခြင်းနည်းစနစ်များကိုဟောပြောပြီး မီးခိုးမြူငွေ့လျှော့ချရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သီသီခိုင်(တနင်္သာရီ)**

❍ ကျောဖုံးမှ

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၂၇)အဆန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

**ချိတ်ဆက်စီးနင်းနိုင်**

မန္တလေးမှ ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ရန်ကုန်သို့ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ်(၃၁)အဆန် ခေတ်မီ DEMU ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအနေဖြင့် မန္တလေးသို့ ဆက်လက်လိုက်ပါလိုပါက အထက်ပါ ဘက်ထရီလျှပ်စစ် စက်ခေါင်းဖြင့် ပြေးဆွဲမည့်ရထားတွင် ချိတ်ဆက်စီးနင်းနိုင်ကြောင်း သိရသည်။

နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ပြေးဆွဲမည့် လေအိတ်ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း လေအိတ်လူစီးတွဲ နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ်လူစီးတွဲ နှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲတစ်တွဲ စုစုပေါင်းတွဲ ငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် ရိုးရိုးတန်းငွေကျပ် ၁၅၀၀၀၊ အထက်တန်းငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး လက်မှတ်များကို မိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ငါးရက်ကြိုတင်၍ တယ်လီဖုန်းဖြင့် ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှ ငွေပေးချေ၍လည်းကောင်း၊ သက်ဆိုင်ရာ ဘူတာများတွင် အထက်တန်းလက်မှတ်ကို သုံးရက်နှင့် ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်-မန္တလေး ခရီးစဉ်တစ်လျှောက် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာလေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၅ နာရီသာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ နော်ဝေအသင်းမှ

ဟာလန်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ သွင်းဂိုး ၁၆ ဂိုးရှိသွားပြီဖြစ်လို့ လီဝန်ဒိုစကီးရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲသွင်းဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်ပါတယ်။

နော်ဝေအသင်းဟာ အီတလီအသင်းကို အနိုင်ရရှိခဲ့လို့ ၂၈ နှစ်တာကာလအတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ပထမဆုံးအကြိမ်ဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ အီတလီအသင်းကတော့ နော်ဝေအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိဖို့အတွက် play-off ယှဉ်ပြိုင်ကစားပြီး အနိုင်ရမှသာ ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းကလည်း အာမေးနီးယားအသင်းကို ကိုးဂိုး-တစ်ဂိုးနဲ့အနိုင်ရပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပြီဖြစ်ကာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ဘရူနိုဖာနန်ဒက်စ်နဲ့ ဂျာအိုနီဗက်တို့က သုံးဂိုးစီ၊ ဗီဂါကတစ်ဂိုး၊ ဂွန်ကာလိုရာမို့စ်ကတစ်ဂိုး၊ ကွန်စီကောင်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နော်ဝေအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် အင်္ဂလန်အသင်း၊ ပြင်သစ်အသင်းနဲ့ ခရိုအေးရှားအသင်းတို့အပါအဝင် ဥရောပဇုန်မှ ကမ္ဘာ့ဖလားဝင်ခွင့်ရအသင်း ငါးသင်းရှိလာပြီဖြစ်ပါတယ်။

**ငွေကြယ်**

# ဘီးလင်းမြို့နယ်၌ တောင်သူများအား ဆောင်းသီးနှံ နေကြာမျိုးစေ့ထုပ်များ ပေးအပ်

**ဘီးလင်း နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား နေကြာမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်းသီးနှံနေကြာမျိုးစေ့ထုပ်များ ပေးအပ်ခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်က အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးက ဆောင်းသီးနှံနေကြာမျိုးစေ့ထုပ်များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာ ၁၄ ရွာ၊ လျာထားဧက ၁၀၀၀ အတွက် နေကြာမျိုးစေ့ထုပ် ၁၈၀ ကို တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆-၁၁-၂၀၂၅) ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းမာလာညွန့်၏ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း" ကြော်ငြာတွင် အိမ်အမှတ်-၉၄၅ အစား အိမ်အမှတ်-၁၁၁ဝ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ အ.ထ.က (ဘက်ရဲ)၊ Grade-12(C) မှ မစုနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် [၇/ရတန(နိုင်)ဝ၇၈၃၈၇] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးလှိုင်ဝင်း [၈/မကန(နိုင်)၁၁၃၃၅၃] ကိုင်ဆောင်သော တတိယတန်း ရေယာဉ်အုပ်လက်မှတ် (တရအ/ဝဝ၁၃၂၃) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၇၈၃၅၃၅၂၃**

# မြဝတီမြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေး



**မြဝတီ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**စစ်ဆေးဆောင်ရွက်**

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မြဝတီခရိုင် မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်၊ ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက PTT Station စက်သုံးဆီအရောင်းဆိုင်၊ Petro Seven စက်သုံးဆီအရောင်းဆိုင်၊ စံဆဲ စက်သုံးဆီအရောင်းဆိုင်၊ စီးတီး စက်သုံးဆီအရောင်းဆိုင်များတွင် ထားရှိရမည့် မီးသတ်ဆေးဘူးများ စစ်ဆေးခြင်း၊ အရေးပေါ် မီးငြိမ်းသတ်ပိုက်များ အရန်သင့်ထားရှိမှု ရှိ/မရှိနှင့် ရှိပြီးသားပစ္စည်းများကို စနစ်တကျ သုံးစွဲနိုင်ရန် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၈၀ )၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် (၁၃၀၇)ဟုခေါ်တွင်သော ဒေါ်မြင့်မြင့်သန်း [၁၂/မရက(နိုင်) ဝ၆၅၅၁၉]အမည်ပေါက်သည့် နှစ်(၆ဝ)ဂရန်မြေအမျိုးအစား၊ မြေအကျယ်ပေ (၄၀ x ၆၀)၊ ဧရိယာ (၀. ၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်စန်းတင့် [၁၂/မဂတ(နိုင်) ဝဝ၆၂၃၅] မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထွန်းပပဝင်း [၁/ရကန (နိုင်)ဝ၇၉၈၈၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီး ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဒေါ်ထွန်းပပဝင်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ဝ၉- ၂၅၆၃၂၂၀၉၁**

# သရက်မြို့နယ်အတွင်း မဲရုံများ မီးဘေးလုံခြုံရေးစစ်ဆေး

**သရက် နိုဝင်ဘာ ၁၇**

သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် သရက်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သရက်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် မဲရုံများ မီးဘေးလုံခြုံရေးအတွက် သရက်မြို့နယ် မီးသတ် ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သော မီးဘေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးအကြံပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)**
**မင်္ဂလာဒုံခရိုင်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၃**

**ဒေါ်ခိုင်ခိုင်ဦး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြတ်မောင်ရှင်)** **(တရားလို)** **နှင့်** **၁။ ဦးစိုင်းစံနွန်း ၂။ ဦးဘိုနီ ၃။ ဦးသန့်ဇင်ထွန်း ၄။ ဦးထွန်းထွန်းဦး** **(တရားပြိုင်များ)**

အမှတ်- ၉၈၆၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (တရားပြိုင်) ၁။ ဦးစိုင်းစံနွန်း ၂။ ဦးဘိုနီ ၃။ ဦးသန့်ဇင်ထွန်း ၄။ ဦးထွန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို က **"ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ကို တရားဝင်မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ( ၂၆ )ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီ** အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ( ၁၃ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**



# မော်ဘီမြို့နယ်အတွင်းရှိ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**မော်ဘီ နိုဝင်ဘာ ၁၇**

မော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများမှ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား တာဝန်ရှိသူများက နိုဝင်ဘာ ၁၄ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မိုးဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းများအား အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

**ကျေးရွာသစ်တော ထင်းမျှောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့**

## အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက် လုပ်သားလမ်းနေ ဦးခွန်ကိုဝင်း[၃/ဘအန(နိုင်)၁၅၁၄၅၇]၏ သမီး အထက-၄၊ Grade-5(A) မှ ပန်းဝတ်မှုံဦး၏ အမည်မှန်မှာ နန်းဝတ်မှုံဦး ဖြစ်ပါကြောင်း။

**နန်းဝတ်မှုံဦး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက ဟံဇား Grade-10 မှ မကဲကဲနိုင်၏ ဖခင်အမည်မှန်မှာ ဦးစောနိုင်မြင့် [၉/ သစန(နိုင်)၁၁၆၈၁၈] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အကွက်အမှတ်(၆- B) (အင်းလပ်တောင်)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀.၀၇၀)ဧကရှိ ဦးခင်မောင်အေး အမည်ပေါက်မြေကွက်အား ကြံခင်းမြို့၊ ရွာသစ်ရပ်ကွက်၊ အိမ်တော်ရာလမ်းနေ ဦးဇော်မျိုးဝင်း+ ဒေါ်ထိပ်ထားလေးတို့မှ မြေငှားဂရန်မူရင်း၊ မြေနှင့် အဆောက်အဦအပြီးအပိုင် အရောင်းအဝယ်စာချုပ်မိတ္တူ၊ ဝန်ခံကတိပြုထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူများနှင့်အတူ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြန်အောင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ကျောက်တံတားခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၂

| | | |
|---|---|---|
| SME .Development Bank (အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်) (ဘဏ်၏ကိုယ်စားလွှဲအပ် ခြင်းခံရသူ – လမ်းမတော် ဘဏ်ခွဲတာဝန်ခံ ဒေါ်သဇင်ကြည် | နှင့် | ၁။ ဦးသက်ဇော် ၂။ ဒေါ်ယဉ်ယဉ်ဝိုင်း (အတူနေလင်မယား) ၃။ ဦးမျိုးဇော်ဦး ၄။ ဦးစိုးမိုးအောင် |
| **တရားလို** | | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၁၉)တွင် နေထိုင်သူများဖြစ်ကြသော အမှတ်(၁) တရားပြိုင် ဦးသက်ဇော်နှင့် အမှတ်(၂)တရားပြိုင် ဒေါ်ယဉ်ယဉ်ဝိုင်း (အတူနေလင်မယား)Green Momentum Company Limited၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ်(၉၅/ခ)တွင်နေထိုင်သူ အမှတ်(၃)တရားပြိုင် ဦးမျိုးဇော်ဦး (San Taw Mee Company Limited နှင့် တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်–၁၀၁ တွင်နေထိုင်သူ အမှတ်(၄) တရားပြိုင် ဦးစိုးမိုးအောင် Beauty 49 Spa အလှပြုပြင်ရေးဆိုင် (ယခုနေရပ်လိပ်စာမသိသူ)** တို့သိစေရမည်။

သင့်တို့အပေါ်၌ **တရားလိုက "(၃၁–၇–၂၀၂၅)ရက်နေ့အထိ ဘဏ်ချေးငွေအရင်း+အတိုးပေါင်း ငွေကျပ် ၅၅,၀၅၈,၄၂၀.၄၅/– (ကျပ်သိန်း ငါးရာငါးဆယ်ငါးသောင်း ရှစ်ထောင်လေးရာ နှစ်ဆယ်ကျပ်နှင့် လေးဆယ်ငါးပြား တိတိ) ရလိုမှု"** ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့အမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်များနှင့်ဖြစ်စေ၊ ရှေ့နေများနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်၊ (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၁ ရက်) နေ့မွန်းမတည့်မီ (၁၀:၃၀) နာရီ အချိန်**တွင် အထက်အမည်ပါသူတို့ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွက်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်** သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေများလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့**တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမာလာခင်)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**ကျောက်တံတားခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၈၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၆၇၅)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ အမည်ပေါက် ဦးအုန်းဖေ (ဘ)ဦးစံထွန်း(TGK–၀၆၇၇၅၇) ဟုခေါ်တွင်သော မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀'x၆၀') နှစ်(၆၀)ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စမ်းစမ်းမာ (ဘ)ဦးမောင်လှိုင်[၁၂/ဥကတ(နိုင်)၀၀၅၉၈၁]မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသော မြေကွက်နှင့်အဆောက်အဦဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မြင့်မြင့်ကြည် [၁၂/ဥကတ (နိုင်)၀၃၄၂၃၃]ထံသို့ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းပြောဆိုရာတွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၁၈၂၂)**
**အမှတ်(၈/၃၇၅–က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၆၁၈၀၅၄၆၊ ၀၉–၄၂၆၅၉၉၂၃၂**

## မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်

## Myanmar Federation of Mining Associations

### ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် တတိယအကြိမ်မြောက်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ဖိတ်ကြားလွှာ

အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | ၂၆-၁၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့) |
| အချိန် | ၀၉း၀၀ မှ ၁၆း၀၀ နာရီထိ (၀၈း၄၅ နာရီတွင် ကြိုတင်နေရာယူပေးရန်) |
| နေရာ | မင်္ဂလာခန်းမ၊ ပထမထပ်၊ ကုန်သည်စက်မှုအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရန် | ၀၉ ၂၄၀၂၁၀၅၊ ၀၉ ၅၅၅၇၇၇၁၊ ၀၉ ၄၂၁၆၄၉၅၄၆၊ ၀၉ ၅၁၇၇၄၉၁၊ ၀၉ ၂၅၉၄၄၅၃၅၉ |

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးရီ [၁၂/မဂတ(နိုင်)၀၅၇၀၅၇] ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၄၈)ဟု ခေါ်တွင်သော (အလျား ၁၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဝင်းသန္တာထံမှ တရားဝင်အပြီးအပိုင်ဝယ်ယူထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးရီ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းနွယ်(L.L.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၂၅)**
**အမှတ်(၄၅၆)၊ ဗိုလ်ချုပ်(၅)လမ်း၊ (၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၂၀၆၀၄၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂–J)၊ မြေကွက်အမှတ် V.၄၊ ဧရိယာ (၀.၀၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၂၃/၁၂၅)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးချစ်ချစ် (BW ၀၁၅၉၉၇)အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် (သက်ကုန်) မြေအား အမည်ပေါက် ဦးချစ်ချစ် (ဖခင်) ကွယ်လွန်၊ ပထမဇနီးဖြစ်သူ ဒေါ်ဇော် (မိခင်) ကွယ်လွန်တို့၏ သားသမီး(၆)ဦးအနက် တစ်ဦးဖြစ်သူ ဦးမင်းဆွေ (လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော ၁။ ဦးတင်မောင်ဆွေ [၉/ပမန(နိုင်)၁၂၃၉၉၃]၊ ၂။ ဒေါ်ထားထားဝင်း [၁၂/မဂတ(နိုင်)၀၅၆၀၂၆]၊ ၃။ ဦးဝင်းဆွေ [၁၂/မဂဒ(နိုင်)၀၃၄၅၃၆]၊ ၄။ ဒေါ်သီတာ [၁၂/မဂတ(နိုင်)၀၄၇၅၂၁]၊ ၅။ ဒေါ်ဥမ္မာ [၁၂/မဂတ(နိုင်)၀၄၈၈၈၄]တို့နှင့်အတူ အမည်ပေါက်၏ ဒုတိယဇနီးဖြစ်သူ ဒေါ်လှလှဝင်း (မိခင်)ကွယ်လွန်၏ သားသမီးများဖြစ်ကြသော ၁။ ဒေါ်ချစ်ချစ်ဝင်း [၁၂/လမတ(နိုင်)၀၀၂၀၅၀]၊ ၂။ ဦးကျော်စွာဝင်း [၁၂/မဂတ(နိုင်)၀၈၂၄၈၇]၊ ၃။ ဒေါ်မဉ္ဇူဝင်း [၁၂/လမတ(နိုင်)၀၀၂၀၅၀]၊ ၄။ ဒေါ်စုချစ်ဝင်း [၁၂/မဂတ(နိုင်) ၁၀၉၂၄၇]တို့မှ ကွယ်လွန်သူမိဘများ၏ သားသမီးအရင်းများဖြစ်ကြောင်း၊ ကွယ်လွန်သူများသည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြသော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိဘများနှင့် မွေးချင်းဖြစ်သူတို့ ကွယ်လွန်ပြီးနောက် မိမိတို့မောင်နှမ(၉)ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဦးချစ်ချစ်၊ ဒေါ်ဇော်တို့၏ သေစာရင်းသွင်း ပထမမိတ္တူမှန်၊ မိုင်မူနာ(ခ)ဒေါ်လှလှဝင်း၊ ဦးမင်းဆွေသေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့နှင့်အတူ မြေစာရင်းမှတ်ချက်(၁)နှင့် (၂)အရ ၁၉၉၁ ခုနှစ်တွင် ဦးချစ်ချစ်မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် ဦးဘိုးဦးမှ မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ မိမိတို့၏ဖခင် ဦးချစ်ချစ်မှ ကန်ထရိုက်တာ တိုက်ဆောက်လုပ်ရန် မြေပုံကူးခဲ့ခြင်းဖြစ်ပြီး တိုက်သစ်ဆောက်လုပ်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ မှတ်ချက်(၃)အရ ၁၉၉၂ ခုနှစ်တွင် ဦးအောင်သိန်းမှ မြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ဦးအောင်သိန်းဆိုသူသည် ကန်ထရိုက်တာ ဦးမြသိန်းဖြစ်ပြီး ဌာနတွင် အမည်မှားမှတ်သားထားခြင်းသာဖြစ်ကြောင်းနှင့် လက်ရှိနေထိုင်သော (၃)ခန်းတွဲ (၈)ထပ်အဆောက်အဦသည် ဦးချစ်ချစ်နှင့် ဦးမြသိန်းတို့ အကျိုးတူဆောက်လုပ်ထားခြင်းဖြစ်ပါကြောင်း၊ မှတ်ချက်(၄)ရှိ ၂၀၀၃ ခုနှစ်တွင် F.K Jee Jee Bdry မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ ၂၀၀၃ ခုနှစ်တွင် မိမိတို့အမွေဆိုင်များအကြား အမှုအခင်းများဖြစ်နေသော ချိန်တွင် မည်ကဲ့သို့ မြေပုံကူးလျှောက်ထားခဲ့ခြင်းကို မသိရှိပါကြောင်း၊ မှတ်ချက်(၅)ရှိ ၁၉၉၇ ခုနှစ်တွင် ဒေါ်ချစ်ချစ်ဝင်း+၃ မှ မြေပုံကူး လျှောက်ထားခဲ့ခြင်းမှာ ပိုင်ဆိုင်ကြောင်း မြေပုံကူးယူခဲ့သော်လည်း အမွေဆိုင်မစုံလင်သဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါကြောင်း၊ မှတ်ချက်(၆)ရှိ ၁၉၉၇ ခုနှစ်တွင် ဒေါ်ချစ်ချစ်ဝင်း+၄ တို့မှ တိုင်းခွဲလျှောက်ထားခြင်းမှာ အမည်ပေါက် ဦးချစ်ချစ်၏ ဒုတိယဇနီး ဒေါ်လှလှဝင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ တရားမကြီးမှုအမှတ်–၃၂၂/၁၉၉၇ ဖြင့် အမွေထိန်းစာ ရရှိခဲ့ပါကြောင်း၊ စီမံခန့်ခွဲခွင့်အမိန့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းလည်းမရှိပါကြောင်း၊ လွှဲပြောင်းရောင်းချခဲ့ခြင်းလည်းမရှိခဲ့ပါကြောင်းနှင့် တရားရုံးအမိန့်ပူးတွဲ၍ တင်ပြအပ်ပါကြောင်း၊ ဒေါ်လှလှဝင်း၏ အမွေထိန်းစာလက်မှတ် လျှောက်ထားရယူခဲ့ခြင်းအပေါ် အမည်ပေါက်၏ ပထမဇနီး ဒေါ်ဇော် (မိခင်)နှင့် မွေးဖွားသော သားသမီးများမှ ကျေနပ်မှုမရှိသဖြင့် တရားမကြီးမှုအမှတ်– ၄၂၄/၁၉၉၇ ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ရာ ၁၆–၁၂–၂၀၀၃ ရက်နေ့တွင် အမွေခွဲဝေယူရန် စီရင်ချက်အမိန့်ဒီကရီ ချမှတ်ခဲ့ပါကြောင်း၊ တရားရုံးအမိန့်ပူးတွဲ၍ တင်ပြအပ်ပါကြောင်း ၇–၇–၂၀၀၃၊ ၂၆–၃–၂၀၂၄ နှင့် ၁၃–၁၂–၂၀၂၄ ရက်စွဲပါ ဝန်ခံကတိပြု ရှင်းလင်းတင်ပြစာတို့နှင့် ၉–၁၂–၂၀၂၄ ရက်စွဲပါ တရားရုံးကတိသစ္စာပြုလွှာတို့အားတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကင်းမြို့နယ်နေ ဒေါ်မြတ်သဇ္ဈာကျော် [၁၂/ရကန(နိုင်) ၀၇၉၈၁၇]ကိုင်ဆောင်သူ၏ ဖခင် ဦးကျော်မင်းနှင့် ဦးမျိုးမြင့်သိန်း (ခ) ဦးကျော်မင်းသည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇–၁၁–၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၈) ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် တရားလွှတ်တော်ရှေ့နေ ဒေါ်ထွေးစုလှိုင် ကြော်ငြာတွင် မြေနီ(၅)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)၊ ဦးပိုင်အမှတ်(၅၈)၊ စစ်ကိုင်း–မန္တလေးကားလမ်းဘေးရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တုတ်ထံမှ အပေးစာချုပ်အမှတ်(၆/၂၀၀၈)ဖြင့် လက်ခံခဲ့သူ ဒေါ်ကောင်းရှိန်[၉/အမရ(နိုင်)၀၅၉၈၅၅] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၄၅၇/၂၀၂၅–၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ ဦးပိုင်အမှတ်(၃၇–ခ)၊ ၃၄x၃၅ လမ်းကြား၊ ၇၇x၇၈လမ်းကြားရှိဦးကြီးမောင် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးကြီးမောင်၊ မိခင်ဒေါ်ခင်ကြည်၊ သမီးဒေါ်တိုးတိုး နှင့်ခင်ပွန်း ဦးဘိုအေး၊ သမီး ဒေါ်ကြူကြူဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီး၊ မြေး၊ သားမက်တို့ဖြစ်ကြသော ဒေါ်တင်တင်ဦး[၉/မထလ(နိုင်)၀၉၀၆၁၇]၊ ဒေါ်အိသဥ္စာဗိုလ်[၉/ခအဇ(နိုင်)၀၁၆၉၉၂]၊ ဒေါ်ခင်စန္ဒီဗိုလ်[၉/ခအဇ(နိုင်)၀၂၅၃၁၀]၊ ဒေါ်မို့မို့[၉/မရမ(နိုင်)၀၆၆၇၁၀]၊ ဦးမောင်မောင်[၉/မရမ(နိုင်)၀၂၄၆၃၂]၊ ဦးကိုကိုအောင်[၉/မရမ(နိုင်)၀၂၉၀၃၉]တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ဦးတိုကညင်ပင် ကျေးရွာအုပ်စု၊ ကွင်းအမည်–ဦးတိုတောင်၊ ကွင်းအမှတ်–၉၃၀၊ ဦးပိုင်အမှတ်–၁၀/၁ ရှိ လယ်ယာမြေ (၅.၉၀) ဧကအား ဦးထွန်းထွန်းနိုင် [၇/မလန(နိုင်)၁၀၆၅၆၅]မှလည်းကောင်း ဦးပိုင်အမှတ်–၇/၇ ရှိ လယ်ယာမြေ (၂.၃၆) ဧကအား ဒေါ်တင်တင်ထိုက် [၇/မလန(နိုင်)၀၆၅၀၁၇]မှလည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားကြသူများဖြစ်ပြီး လက်ရှိထားလုပ်ကိုင်အကျိုးခံစားနေသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ယင်းလယ်ယာမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်တင်ဇာလွင် (LL.B, D.B.L)** | **ဒေါ်ဆုမွန်ထက်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၃၄၂၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၂၆၈)** |

**အမှတ်–၃၇၂/ခ၊ ဆန်စက်လမ်း၊ အပြင်ပဒံရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph–၀၉–၇၇၃၄၇၀၃၃၀၊ ၀၉–၆၆၉၉၆၉၅၁၉**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၀၉)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေး[၉/ပဘန(နိုင်) ၁၂၈၅၉၀]မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ထွန်းထွန်းလင်း[၉/ပဘန(နိုင်)၂၂၄၂၈၃](ဘ) ဦးမောင်မောင်သင် သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘများနှင့် မောင်နှမများအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်သည့်အတွက် ဤကြေညာပါသည့်ရက်မှစ၍ မောင်ထွန်းထွန်းလင်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း မောင်ထွန်းထွန်းလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၉၁)**
**ရုံးခန်းလိပ်စာ–အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊ ၄/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း–၀၉–၇၉၅၁၅၈၀၄၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လူနေရပ်ကွက်အမှတ်–အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/၅၊ မြေကွက်အမှတ်–၅၆၅ + ၅၆၆ ဟုခေါ်တွင်သည့် မြေအကျယ် စတုရန်းပေ – ၃၃၀၀၊ ဧရိယာဧက(၀.၀၇၇)၊ (အလျား၆၇x အနံ၅၀)ပေအကျယ်ရှိ ခြံမြေကွက်ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဒေါင်ညွယ်[၁၃/လရန(နိုင်)၁၃၂၀၃၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤခြံမြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်စုထွေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၃၀)**
**အိမ်–အမှတ်(၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ရုံး–ရှေ့နေရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်တရားရုံး၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၅၁၈၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ဥသ–၄၂၀၃)၊ ဒေါ်ခင်ခင်မော် (ဘ)ဦးထွန်းခင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခိုင်ရွှေဝါထွန်း[၁၂/ရကန(နိုင်)၀၆၄၅၀၇] (ဘ) ဦးထွန်းစိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၄၂၆/၂၀၁၇(၁၀–၄–၂၀၁၇)တင်ပြ၍ ဒေါ်သီတာကျော်[၁၀/သထန (နိုင်)၀၉၈၂၂၆] (ဘ)ဦးကျော်ညွန့် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

**HAPPY HOUR(HH) COMPANY LIMITED** အား ဦးဇော်မင်းမင်း [၁၂/သကတ(နိုင်)၁၃၄၄၈၉]မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဦးဇော်မင်းမင်းမှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်နှင်းလဲ့လဲ့ပိုင် [၁၂/လကတ(နိုင်)၁၈၇၉၇၄]မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်နှင်းလဲ့လဲ့ပိုင်မှ **HAPPY HOUR(HH) COMPANY LIMITED** ၏ Managing Director အဖြစ်တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**HAPPY HOUR(HH) COMPANY LIMITED**
**Ph:09–782008206**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၀

နော်သာမီးဖော — နှင့် — ဒေါ်အေမီခမ်း
**တရားလို** — **တရားပြိုင်**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းသွယ်(၅)၊ အမှတ် (၆၃၁–က)နေ တရားပြိုင် ဒေါ်အေမီခမ်း (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ **တရားလိုက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်)** နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာ ရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူသင်းခိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ရန်–မန်းလမ်းဟောင်း၊ အမှတ်(၁၂/၄၀)နေ ဦးအုန်းရွှေ(ဘ) ဦးထွန်းရီ [၉/ပမန(နိုင်)၀၁၁၉၉၄]၏ ဥပဒေနှင့်အညီ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅/သာဇီအနောက်)၊ ဦးပိုင်အမှတ်(၇၇ᵘᵘ)၊ မြေအမျိုးအစား(ဘိုးဘပိုင်)၊ ဧရိယာ(၀.၀၈၅)ကေသည် (အဖ) ဦးမျိုးညွန့်၏ သားသမီးများဖြစ်သော ဦးရဲညွန့် [၉/ပမန(နိုင်)၀၂၆၄၈၃]၊ ဒေါ်နီလာမျိုး(ခ)မနီလာ[၉/ပမန(နိုင်)၀၁၁၉၉၅]နှင့် ဦးရဲဝင်း[၉/ပမန(နိုင်)၀၈၉၉၁၆]တို့ မောင်နှမ(၃)ဦးပိုင်ဆိုင်သော အမွေဆိုင်ဝိုင်းမြေဖြစ်ပါသည်။ အဆိုပါအမွေဆိုင်ဝိုင်းမြေကွက်ကို ယနေ့အချိန်ထိ ပိုင်ဆိုင်သူအမွေဆိုင်များအားလုံး အမွေခွဲဝေရခြင်း မရှိသေးပါ။ ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်နီလာမျိုး(ခ)မနီလာသည် လွန်ခဲ့သော(၂၈–၃–၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် အမွေဆိုင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးအုန်းရွှေနှင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူ သားသမီးများ၏ သဘောတူညီ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အမွေဆိုင်ဝိုင်းမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲသုံးစွဲခြင်းများ ပြုလုပ်၍ မရကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအုန်းရွှေ၏ တရားဝင်လွှဲအပ်ချက်နှင့်အညီ**

**ဦးနေလင်းသူ(LL.B, LL.M)** — **ဒေါ်ဖြိုးဝသာနံဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၃၆၉)** — **အထက်တန်းရှေ့နေ(စဉ်–၅၄၉၉၀)**
**အမှတ်(၁၅/၂၉)၊ ဦးစိန်လမ်း၊ အရှေ့မစိုးရိမ်/ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့။**
**ဖုန်း–၀၉–၇၉၇၉၀၇၁၄၅**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၆၉/ဘီ တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလာ[၁၂/မဂတ(နိုင်)၀၅၇၁၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

၁။ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်ဖြစ်သူ ဦးအာတော်နှင့် မိခင်ဖြစ်သူ ဒေါ်စောလှဘီတို့မှ ကျွန်ုပ်အမှုသည် ဒေါ်ခင်မာလာအပါအဝင် မွေးချင်း(၈)ယောက် မွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ဦးတင်ငွေ(ကွယ်လွန်)၊ ဦးတင်ဖေ(ခ)ဦးနီမွန်၊ ဒေါ်ပုတို(ခ)ဒေါ်သန်းရှင်(ကွယ်လွန်)၊ ဦးတလိုင်(ကွယ်လွန်)၊ ဒေါ်ခင်မာလာ၊ ဦးလယ်မစ်(ကွယ်လွန်)၊ ဦးနေလ(ကွယ်လွန်)၊ ဦးလုံးလုံး (ကွယ်လွန်)တို့ ဖြစ်ပါသည်။

၂။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်–မ၁/၇၇ ဟုခေါ်တွင်သော (အလျား၂၅ပေxအနံ၅၀ပေ)မြေပေါ်တွင် (၂)ထပ်အဆောက်အဦအပါမြေနှင့်အိမ်အား ကွယ်လွန်သွားကြပြီဖြစ်သော ဖခင်ဦးအာတော်နှင့် မိခင်ဒေါ်စောလှဘီမှ ပိုင်ဆိုင်ခဲ့ပါသည်။ မိဘများကွယ်လွန်ပြီး ကျန်ရစ်ခဲ့သည့် ဖော်ပြပါမြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေအပါအဝင် မောင်နှမ(၈)ယောက်မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့သော အမွေဆိုင်မြေနှင့် အိမ်ဖြစ်ပါသည်။

၃။ အမွေဆက်ခံပိုင်ဆိုင်လာခဲ့သော မြေနှင့်အိမ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလာတို့ မောင်နှမများသည် ငယ်စဉ်ကစ၍ အတူတကွနေထိုင်လာခဲ့ကြပြီးနောက်ပိုင်းတွင် အဆိုပါမြေနှင့်အိမ်၌ အစ်မဖြစ်သူ ဒေါ်ပုတို(ခ)ဒေါ်သန်းရှင်(ကွယ်လွန်)တို့ လင်မယားမှ နေထိုင်လာခဲ့ကြပါသည်။ ဒေါ်ပုတို(ခ)ဒေါ်သန်းရှင်မှာ (၁၆– ၆–၂၀၂၃) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ပုတို(ခ)ဒေါ်သန်းရှင် ကွယ်လွန်ပြီးနောက် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမောင်ငြိမ်း [၃/ဘအန(နိုင်)၀၂၁၉၀၀] မှာ အထက်ပါမြေနှင့်အိမ်တွင် ယခုလက်ရှိ နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမွေဆက်ခံရရှိသည့် မြေနှင့်အိမ်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလာတို့ မောင်နှမ(၈)ဦးပိုင် မြေနှင့်အိမ်ဖြစ်သဖြင့် ၎င်းမြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါလျှင် တရားဥပဒေ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်မာလာ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမင်းမင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၄၄)**
**တိုက်–၄၊ အခန်း–၁၀၁၊ အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၄၅၆၈၈၇၄၂၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၆/က)နေ ဒေါ်မြမြဝင်း (ဘ) ဦးတင်အောင် [၁၂/ရကန(နိုင်) ၀၇၂၂၉၁] ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲအမှတ်(၁)၊ ပုလဲဥယျာဉ်အိမ်ရာ၊ စိန်ပန်းမြိုင်လမ်း၊ ၇၅/ခ၂၊ အမှတ်(၄၁၀/ဘီ)နေ ဒေါ်ခင်လဲ့ဝင်း (ဘ) ဦးခင်စိုး [၁၂/ကမတ(နိုင်)၀၄၂၄၄၇]ကိုင်ဆောင်သူအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၂၄–၈–၂၀၁၆)ရက်နေ့တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၈၂၄/၂၀၁၆) ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြဝင်း**
**[၁၂/ရကန(နိုင်)၀၇၂၂၉၁]**
**Ph: – 09–250673911**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ ၁၅–လမ်း၊ အမှတ်–၄၀၊ (၂၅'x၅၀')ရှိ ရေမီးအစုံပါတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးထွန်း [၁၂/သကတ(နိုင်) ၁၇၆၅၂၈] ထံမှ ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အေး**
**[၁၂/လမတ(နိုင်)၀၁၇၉၈၃]**
**ဖုန်း–၀၉–၂၅၄၀၀၉၁၃၄**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–(၁၀)၊ လူနေရပ်ကွက်အမှတ် (၁၀)၊ (၁၀–တောင်)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၁၀၇၁/က)၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀ပေ)ရှိ ဒေါ်ခင်အုန်း(CF ၀၈၂၉၀၅)**အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားသူက အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ **ဒေါ်ခင်အုန်း [၁၂/သကတ(နိုင်)၀၆၈၀၁၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၀၀၅) လိုင်စင်ရသည့်နေ့စွဲ (၁၀–၅–၂၀၂၂)**
**အမှတ်(၄၁)၊ အောင်တံခွန်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–961731911**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ–ရပ်ကွက်၊ အကွက်အမှတ် နန–၄၊ ဦးပိုင်အမှတ်–၄၂၊ ၆၆x၆၇ ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဦးကျော်သန်းကြည် အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဦးနိုင်ဝင်းက တရားပြိုင် ဦးကျော်သန်းကြည် (၎င်း၏ SP ရရှိသူ ဦးကျော်အောင်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၉၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးနိုင်ဝင်း[၉/နထက(နိုင်)၁၀၇၁၄၉] က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄–သမိုင်း၊ မြေကွက်အမှတ်– ၇/င၊ ဧရိယာအားဖြင့် (၆.၅၈၇)ကေခန့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၅၄ပေx၅၄ပေ)ခန့်ရှိ – B–လ/န ၃၉ (အိမ်ရာမြေအဖြစ်အသုံးပြုရန်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာပုံကျောင်းလမ်း၊ အမှတ်(၁၂၅)ဟုခေါ်တွင်သော (၃)ထပ်အဆောက်အဦအပါအဝင် မြေနှင့် အကျိုးခံစားခွင့်များအားလုံးကို (၁)နန်းဆုစလား [၁၃/မယန(နိုင်)၀၀၁၈၂၄]၊ (၂) နန်းဖောင်းကျောက် [၁၃/မယန(နိုင်)၀၀၀၀၀၉]၊ (၃) နန်းလှျန်းပန် [၁၃/မယန(နိုင်)၀၀၀၀၁၀]တို့က အရပ်စာချုပ်အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်လာခဲ့ကြပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိပါကြောင်း ပြောပြဝန်ခံပြီး ရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေတို့က ရောင်းချငွေ၏တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် (၃)ထပ်တိုက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မိုး LL.B, DBL, DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၉၀/၁၉၈၅)**
**အမှတ်–၁၅–ဇ၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ်(၈၈၈)၊ အကျယ်အဝန်း(၂၅ပေ×၅၀ပေ)အကျယ်ရှိ ဦးစန်းဝင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၈၈၈)ဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစန်းဝင်း (၁၂/သဃက(နိုင်)၀၅၀၅၈၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေ — အထက်တန်းရှေ့နေ
ဒေါ်မေမြတ်ချိန် — ဒေါ်ဝတ်ရည်ငွေး
LL.B,D.B.L (စဉ်–၁၁၃၁၁) — LL.B,LL.M (စဉ်–၁၆၉၁၇)

ရုံးချုပ် ။ အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ ။ 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ ။ အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ ။ 09-5060940, 09-5185539, 09-450450977, 09-450450907

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အ.ထ.က (၅)၊ Grade–4မှမောင်ရှိုင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းဝင်း [၁၄/ဘကလ(နိုင်) ၃၈၉၆၈၅] ဖြစ်ပါကြောင်း။

**ဦးအောင်သန်းဝင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အ.ထ.က(စက်စိုက်မွေး)၊ Grade–11 မှ မစုတင်ဇာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းဝင်း [၁၄/ဘကလ(နိုင်)၃၈၉၆၈၅] ဖြစ်ပါကြောင်း။

**ဦးအောင်သန်းဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ–ရပ်ကွက်၊ အကွက်အမှတ်–ဟ–၂၊ ဦးပိုင်အမှတ်–(၁၄)၊ ၇၂x၇၃ လမ်းကြား၊ ၁၁၆x၁၁၇ လမ်း ကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဒေါ်ခင်ချိုဝင်း [၉/မရတ(နိုင်)၁၀၆၇၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ–ရပ်ကွက်၊ အကွက်အမှတ်–ဟ–၂၊ ဦးပိုင်အမှတ်–(၁၅)၊ ၇၂x၇၃ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိဂရန်မြေကွက်မည်ပေါက်သူ ဒေါ်ခင်ချိုဝင်း၊ [၉/မရတ(နိုင်)၁၀၆၇၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ(၅)လမ်း၊ မြေတိုင်းရပ်ကွက်(၁)၊ မြေကွက်အမှတ်(၁၁၂/ခ)၊ ဧရိယာ အကျယ်အဝန်း (၁၀×၆၀)ပေပေါ်ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အပါအဝင် အရပ်ရပ်တို့အား ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းရီ (၁၂/ဒလန (နိုင်)၀၅၃၆၃၇)၊ ဒေါ်စုစုလှိုင် (၁၂/ဒလန(နိုင်)၀၅၈၂၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်ထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေ နှင့်အညီ အရောင်းအဝယ်အား ဆက်လက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်အေးသွယ်
E/DLA - ၀၂၄၅၃၈

ဒေါ်ဖြိုးနန္ဒာဦး (LL.B,WIPO Switzerland)
အထက်တန်းရှေ့နေ
(စဉ် ၅၂၉၅၁/၂၀၂၀)

အမှတ်(၁၅၃)၊ ၅လွှာA၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။
ဖုန်း ၀၉ - ၅၁၆၉၄၁၉၊ ၀၉ - ၉၇၉၃၄၄၂၇၄၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ လူနေရပ်ကွက်အမှတ်–ကမာကဆစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–တိုးချဲ့–၃၊ မဥ္စူလမ်း၊ မြေကွက်အမှတ်(၁၂၆၇/ခ) ဦးမျိုးမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၁၄x၅၀)ပေ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရှုပ်အရှင်းကင်း၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးအောင် [၁၄/မမန(နိုင်)၂၄၀၆၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား မူရင်းအပြည့် အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၅၁၉/၂၀၂၁)**
**တိုက်–၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၆၅၇၈၄၆၈၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်–(ဠ–၈)၊ ဦးပိုင်အမှတ်–(၁၃၈)၊ ၆၄x၆၅ ကြား၊ကျွန်စစ်သားxဇော်ဂျီလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၀၇၀/၉၀–၉၁) အရ ဦးလှမောင် မှတ်ပုံတင်အမှတ် (AE–၂၄၂၉၁၂ အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးထွန်းနိုင်ဦး မှတ်ပုံတင်အမှတ် [၉/ပကခ(နိုင်) ၀၂၅၀၆၅]၊ ဒေါ်စုစုခိုင် မှတ်ပုံတင်အမှတ် [၉/ပကခ(နိုင်)၀၂၅၀၆၆]တို့မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ်–(ဟ–၂)၊ ဦးပိုင်အမှတ်–(၁၆)၊ ၇၂x၇၃ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ချိုဝင်း[၉/မရတ(နိုင်)၁၀၆၇၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်–(ဟ–၂)၊ ဦးပိုင်အမှတ်–(၁၇)၊ ၇၂x၇၃ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ချိုဝင်း[၉/မရတ(နိုင်)၁၀၆၇၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ **အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင်အနည်းဆုံး နှစ်ဧကခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**




# ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး၊ မန္တလေး-နေပြည်တော် ရထားခရီးစဉ်များ စတင်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်-မန္တလေးနှင့် မန္တလေး-နေပြည်တော် ခရီးစဉ်များကို ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နိုဝင်ဘာ ၂၂ ရက်မှစတင်၍ လက်ရှိ RBE များဖြင့် ပြေးဆွဲနေသော အမှတ်(၂၇)အဆန် နေပြည်တော်-မန္တလေးနှင့် အမှတ်(၂၈)အစုန် မန္တလေး-နေပြည်တော် ရထားခရီးစဉ်များကို ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။ **စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○**

## လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ ကြေးမုံ

## ယနေ့ ဖတ်စရာ


**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်**



စာမျက်နှာ » ၁၂

**သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ** စာမျက်နှာ » ၁၃

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့** စာမျက်နှာ » ၁၈


# နော်ဝေအသင်း ၂၈ နှစ်တာကာလအတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲ ပထမဆုံးအကြိမ် ဝင်ခွင့်ရရှိ



နော်ဝေအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နော်ဝေအသင်းဟာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက အီတလီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်မှာ အီတလီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အီတလီအသင်းနဲ့ နော်ဝေအသင်းတို့ပွဲစဉ်မှာ နော်ဝေအသင်းအတွက် သွင်းဂိုးတွေကို နူဆာက တစ်ဂိုး၊ ဟာလန်းကနှစ်ဂိုးနဲ့ လာဆင်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး **စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ❂**